# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၀၂၃)


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့်တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိဃဝဂ်(ဓမ္မပဒ - ၂၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ- ပင်းပက် ရထားလမ်းပိုင်းဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့ကို ပြည့်စုံအောင်မြင်အောင် ကြိုးပမ်းစွမ်းဆောင်ပေးခဲ့ကြသည့် မြန်မာ့မီးရထားမှဝန်ထမ်းများအားလုံးကို ဂုဏ်ယူအသိအမှတ်ပြု






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ တောင်ကြီးဘူတာမှ ပင်းပက်ဘူတာသို့ပြေးဆွဲမည့်ရထားပေါ်တွင် စီးနင်းလိုက်ပါသွားကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား လက်ဝှေ့ယမ်းပြနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**

ရွှေညောင်- တောင်ကြီး - နောင်ကားလမ်းခွဲ - ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ဘူတာရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် အခမ်းအနား ကျင်းပပြုလုပ်မည့် တောင်ကြီးဘူတာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

**ခရီးသည်နှင့် ကုန်စည်များကို စျေးနှုန်းသက်သာစွာနှင့် လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပေးရင်း နိုင်ငံတော်၏ ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန်၊ တစ်ချိန်တည်း၌ လူ၊ ပစ္စည်း၊ ငွေကြေး စသည့်ရှိရင်းစွဲ အရင်းအမြစ်များကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိထိရောက်စွာ အသုံးချနိုင်အောင် ကြိုးပမ်းဆောင်ရွက်**

**ယနေ့ ဖတ်စရာ**


တို့ဘိုးဘွားယဉ်ကျေးမှု အမွေအနှစ်မို့ ... (ဆောင်းပါး) စာ ၁၀

ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်တွင်သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် (ပြည်တွင်းသတင်း) စာ ၁၄

မြစ်ကြီးနားမြို့ရှိ သွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် (စွန့်ဦးတီထွင်) လုပ်ငန်း (သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်း) စာ ၂၀

# နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ဆတက်ထမ်းပိုး သယ်ပိုးစွမ်းဆောင်

နယ်ချဲ့အင်္ဂလိပ်တို့က ၎င်းတို့၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အကျိုးအမြတ်များ ရရှိရန်ရည်ရွယ်၍ ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန် – ပြည်ရထားလမ်းကို ဖွင့်လှစ်ခဲ့ရာ ယင်းသည် မြန်မာ့ရထားပို့ဆောင်ရေးလုပ်ငန်း၏ သမိုင်းအစပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ရထားပို့ဆောင်ရေးလုပ်ငန်းထက် တစ်နှစ်သာ နောက်ကျသော မြန်မာနိုင်ငံ၏ ရထားပို့ဆောင်ရေးလုပ်ငန်းသည် အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံးလည်းဖြစ်သည်။ ယခုအခါ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၄၆ နှစ် ကျော်လာခဲ့ပြီဖြစ်သည့် မြန်မာ့မီးရထားလုပ်ငန်းကို ခေတ်နှင့်အညီ အဆင့်မြှင့်တင်၍ နိုင်ငံနှင့် ပြည်သူအကျိုး ဆက်လက်သယ်ပိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင် – တောင်ကြီး – နောင်ကားလမ်းခွဲ – ပင်းပက်ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က တောင်ကြီးမြို့ ဘူတာရုံတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက်ရောက်ဖွင့်လှစ်ပေးသည်။ ယင်းနောက် အမှာစကား ပြောကြားရာတွင် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်သည့် မြန်မာ့မီးရထားနှင့် စပ်လျဉ်း၍ –

- ခရီးသည်နှင့် ကုန်စည်များကို ဈေးနှုန်းသက်သာစွာနှင့် လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပေးရင်း နိုင်ငံတော်၏ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန်၊
- လူ၊ ပစ္စည်း၊ ငွေကြေး စသည့်ရှိရင်းစွဲ အရင်းအမြစ်များကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊
- ဈေးကွက်စီးပွားရေး မူဝါဒနှင့်အညီ ယှဉ်ပြိုင်နေရသည့် ယနေ့အချိန်အခါမျိုး၌ စီးပွားရေးဆန်ဆန် ယှဉ်ပြိုင်နိုင်ပြီး ခရီးသည်နှင့် ကုန်စည်များကို ကုန်ကျစရိတ်သက်သာစွာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့် သယ်ယူပို့ဆောင်ပေးနိုင်သည့် လုပ်ငန်းကြီးတစ်ရပ် ဖြစ်လာစေရန်အတွက် မြန်မာ့မီးရထားဝန်ထမ်းတိုင်းက မျှော်မှန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည့်အပြင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့ အဆင်ပြေရေး၊ မတော်တဆမှုများ လျော့နည်းပပျောက်ရေး၊ ရထားများ အချိန်မှန်ကန်ရေး၊ ရထားလမ်းများ ပိုမိုတောင့်တင်းခိုင်မာရေး၊ ဝင်ငွေတိုးရေးနှင့် သုံးငွေလျော့နည်းရေး၊ စက်ခေါင်းနှင့် တွဲများ ချွတ်ယွင်းမှုလျော့နည်းရေး၊ ရထားဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေး ရည်မှန်းချက်များကို မိမိကိုယ်ပိုင် စီးပွားရေးပမာ ခံယူကြိုးပမ်းကြရန်လည်း မှာကြားခဲ့သည်။

ရထားဖြင့် ခရီးသွားလာရာတွင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပြည် စသည်ဖြင့်မြို့ကြီးများတွင် ဘူတာရုံကြီးများမှာ မြို့လယ်များတွင် တည်ရှိပြီး တိုက်ရိုက်ရောက်ရှိနိုင်သည့်အပြင် စရိတ်စကအားဖြင့် များစွာသက်သာသည့် အားသာချက်ရှိသည်။ သို့ရာတွင် ရထားစီးနင်းရသည့် ကြာမြင့်ချိန်၊ ရထားဝင်ချိန် ထွက်ချိန်၊ ရထားလက်မှတ်ဝယ်ယူရသည့် စနစ်၊ ဝန်ဆောင်မှု စသည်တို့တွင် ပုဂ္ဂလိကယာဉ်လိုင်းများကို စီးပွားရေးဆန်ဆန် ယှဉ်ပြိုင်နိုင်ရန် များစွာကြိုးပမ်းအားထုတ်ရန် လိုမည်ဖြစ်သည်။ ထို့အပြင် မြန်မာ့မီးရထားသည် သမိုင်းတစ်လျှောက်တွင် ဒုတိယကမ္ဘာစစ်၏ ဒဏ်ကိုကြီးမားစွာခံခဲ့ရသလို ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုများ၏ ဒဏ်ကို အကြိမ်ကြိမ်အဖန်ဖန်ခံခဲ့ရသည့်နည်းတူ လက်ရှိအချိန်ကာလတွင်လည်း အဖျက်သမားတို့၏ နှောင့်ယှက်ဖျက်ဆီးမှုများကို ကြိမ်ဖန်များစွာ ခံနေရဆဲဖြစ်သည်။ ရထား၏ အားသာချက်များကြောင့် ရထားကိုသာ မဖြစ်မနေ စီးလိုသည့် ခရီးသည်များ ရှိနေသည့်တိုင်အောင် အကြမ်းဖက်အဖျက်လုပ်ရပ်တို့က အကြောင်းကိစ္စအမျိုးမျိုးဖြင့် သွားလာကြရမည့် ရထားစီးခရီးသွားတို့ကို လျော့နည်းစေလျက်ရှိသည်။

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် မြန်နှုန်းမြင့် ရထားလမ်းများ ဖောက်လုပ်ပြေးဆွဲသည်အထိ ရထားလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ရာ မြန်မာ့မီးရထားအနေဖြင့် ရှိရင်းစွဲ အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးချ၍ စီးပွားရေးဆန်ဆန် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပြီး နိုင်ငံ့အကျိုး ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးစွမ်းဆောင်နိုင်ပါစေကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့ အာဆီယံ – တရုတ် မီဒီယာဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် အောက်တိုဘာ ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပမည့် ၂၀၂၃ အာဆီယံ – တရုတ် မီဒီယာဖိုရမ် တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ (ယာပုံ)

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ Minister Counsellor ဖြစ်သူ Mr. Zheng Zhihong နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ဖိုရမ်သို့ အာဆီယံနိုင်ငံများမှ မီဒီယာနှင့် သက်ဆိုင်သည့် ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများနှင့် မီဒီယာဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်အတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။




ဦးစွာ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါက်တာ သင်းမာလာက ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်ခြင်းကို အင်းစိန်ခရိုင်အတွင်းရှိ အင်းစိန်မြို့နယ်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်များရှိ အခြေခံပညာကျောင်းများမှ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် လေးဘာသာဂုဏ်ထူးရှင် ၃၂ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၅၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၀ နှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၅၆ ဦးတို့ဖြင့် ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မင်းမင်းထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ)

**ဇွဲထက်ကို(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၂** – နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေညောင်– တောင်ကြီး – နောင်ကားလမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်းအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

❑ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေညောင်– တောင်ကြီး – နောင်ကားလမ်းခွဲ–ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှာစကား ပြောကြားရာတွင် ယနေ့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရှမ်းပြည်နယ်အတွင်း အရှည် ၂၁ ဒသမ ၇၂ မိုင်ရှိသည့် ရွှေညောင်–တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးမှုနှင့်အတူ အရှည် ၁၀ ဒသမ ၇၈ မိုင်ရှိသည့် နောင်ကားလမ်းခွဲ–ပင်းပက် ရထားလမ်းပိုင်းသစ် ဖွင့်လှစ်သည့် ဖွင့်ပွဲအခမ်းအနားဖြစ်သဖြင့် ရှမ်းပြည်နယ်မှ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက်ရော၊ တစ်နိုင်ငံလုံးမှ မြန်မာပြည်သူများအားလုံးအတွက်ပါ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ထူးထူးခြားခြား ဂုဏ်ပြုမှတ်တမ်းတင်ရမည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မင်္ဂလာနေ့မြတ်အခါသမယတွင် ယခုဖွင့်ပွဲကိုတက်ရောက်လာကြသူများ၊ ဒေသခံမိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်းနှင့် မြန်မာ့မီးရထား၏ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

**❖ စရိတ်စက သက်သက်သာသာဖြင့် ခရီးသည်အများအပြားကို သက်သောင့်သက်သာဖြင့် လိုရာခရီးကို ပို့ဆောင်ပေးနိုင်သကဲ့သို့ ကုန်စည်အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးကို စရိတ်ကျဉ်းကျဉ်းဖြင့် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ခြင်းသည် မြန်မာ့မီးရထား၏ ထင်ရှားသည့် အားသာချက်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရွှေညောင်–တောင်ကြီး–နောင်ကားလမ်းခွဲ–ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်းအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

**အရှေ့တောင်အာရှ၏ သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်သည့် နိုင်ငံဖြစ်**

ရထားပို့ဆောင်ရေး လုပ်ငန်းသည် မြန်မာ့သမိုင်း၏ အထင်ကရဇာတ်ကောင်တစ်ဦးဖြစ်ပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transport) နှင့် ပတ်သက်လာပါက ပထမဦးဆုံးနှင့် ရှေးအကျဆုံး Transport Mode တစ်ခုဖြစ်ပါကြောင်း၊ ယနေ့ဆိုပါက နှစ်ပေါင်း(၁၄၆) နှစ်ကျော် သက်တမ်းရှိခဲ့ပြီဖြစ်သည့်အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏သက်တမ်းအရင့်ဆုံး ရထားပို့ဆောင်ရေးလုပ်ငန်းကို ပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် အလွန်အရေးပါသည့် ကဏ္ဍကြီးတစ်ရပ် ဖြစ်ပါကြောင်း၊ ဒီထက်ပိုပြီးပြောရမည်ဆိုပါက အခြေခံလူတန်းစား ပြည်သူအများစုကြီး အားကိုးအားထား အသုံးပြုနေရသည့် ရထားသယ်ယူပို့ဆောင်ရေး လုပ်ငန်းသည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ မြန်မာ့မီးရထားအနေနှင့် ခေတ်စနစ်ပေါင်းများစွာ၊ အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားခဲ့ပြီး ခေါက်ရှာငှက်ပျံသကဲ့သို့ နိမ့်တစ်ခါ မြင့်တစ်လှည့် အောင်မြင်မှု၊ ဆုံးရှုံးမှုများစွာကို ဖြတ်သန်းခဲ့ရသည့်အတွက် ယနေ့အချိန်တွင် အတွေ့အကြုံ ရင့်ကျက်သည့် ဌာနကြီးတစ်ခုအဖြစ် ရှုမြင်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် စရိတ်စက သက်သက်သာသာဖြင့် ခရီးသည်အများအပြားကို သက်သောင့်သက်သာဖြင့် လိုရာခရီးကို ပို့ဆောင်ပေးနိုင်သကဲ့သို့ ကုန်စည် အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးကို စရိတ်ကျဉ်းကျဉ်းဖြင့် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ခြင်းသည် မြန်မာ့မီးရထား၏ ထင်ရှားသည့် အားသာချက်ဖြစ်ပါကြောင်း။

ရထားလုပ်ငန်းသည် နိုင်ငံအတွက် မဟာဗျူဟာအရ အရေးကြီးသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ရထားသည် ကားနှင့်နှိုင်းယှဉ်ပါက တူညီသောကုန်စည် ပမာဏနှင့် အကွာအဝေးအတွက် လောင်စာဆီ လေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံသာ ကုန်ကျသည့်အတွက် လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ပါးသက်သာစေသကဲ့သို့ ခရီးသည်နှင့် ကုန်စည်အမြောက်အမြား သယ်ယူပို့ဆောင်နိုင်သည့်အတွက် ယာဉ်ကြောကျပ်တည်းမှု ဖြစ်ပေါ်နေသည့် မြို့ကြီးများ၌ မဖြစ်မနေအားထားအသုံးပြုနေရသည့် အားသာချက်ကြောင့် ရထားလုပ်ငန်း ဆက်လက်ရှင်သန်နိုင်ရေးအတွက် နိုင်ငံအစိုးရအသီးသီးက နည်းအမျိုးမျိုးဖြင့် ပံ့ပိုးထောက်ကူပေးထားကြောင်းကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူပြီးသည့်နောက်တွင် ရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်အစိုးရလက်ထက် မပြီးပြတ်ခဲ့သည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများအတွက် လိုအပ်မည့် စီမံကိန်းအသစ်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိကိုယ်တိုင် တာဝန်ရှိသူများနှင့် မကြာခဏတွေ့ဆုံပြီး ရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှာကြားမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာ၌ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာပြီး ရေရှည်အတွက် မျှော်မှန်းစဉ်းစား ဆောင်ရွက်ရန်၊ ပြည်တွင်းအင်ဂျင်နီယာပညာရှင်များကို အဓိကအားထားအသုံးပြုပြီး နည်းပညာများ တိုးတက်လာအောင် ဆောင်ရွက်ရန်၊ အနာဂတ်တွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ စက်ခေါင်းနှင့် တွဲများ တည်ဆောက်ရေးအတွက် လိုအပ်သည့် ပစ္စည်းများ ပြည်ပမှဝယ်ယူမှုကို တဖြည်းဖြည်းလျှော့ချပြီး ပြည်တွင်း၌ ထုတ်လုပ်တည်ဆောက်နိုင်ရန် သုတေသနပြု နည်းပညာများလေ့လာပြီး ကြိုးပမ်းဆောင်ရွက်သွားရန် စသည်များကို မှာကြားထားပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရနိုင်သမျှ ဘဏ္ဍာငွေများကို အသုံးပြုပြီး ရထားလမ်းပိုင်းအလိုက် အဆင့်မြှင့်တင်မွမ်းမံခြင်း၊ ရထားတွဲများ ပြုပြင်ထိန်းသိမ်းခြင်း၊ တွဲသစ်များ တည်ဆောက်တပ်ဆင်ခြင်း၊ ဘူတာရုံများ အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၏ ရလဒ်အသီးအပွင့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

တစ်ခုအဖြစ် ယနေ့ဒီရထားလမ်းပိုင်းအသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

ယခုအခါ တောင်ကြီး - ဆိုက်ခေါင် ရထားလမ်းပိုင်းအတွင်းရှိ နောင်ကားလမ်းခွဲ ဘူတာမှတစ်ဆင့် ဟိုပုံးမြို့အနီး ပင်းပက်အထိ အရှည် ၁၀ ဒသမ ၇၈မိုင်ကို အောင်မြင်စွာ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ အဆိုပါရထားလမ်းပိုင်းအသစ် ဖောက်လုပ်ခြင်းနှင့်အတူ လမ်းပိုင်းအတွင်း အဓိကကျသည့် ရွှေညောင်- တောင်ကြီး ရထားလမ်းပိုင်းသည် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကျိုးရှိစွာ အသုံးမပြုနိုင်ပါကြောင်း၊ ထို့ကြောင့် ရထားလမ်းကွေ့နှင့် ဆင်ခြေလျှောများ ပြေပြစ်ပြီး ပိုမိုကြံ့ခိုင်မှုရှိစေရန်၊ ခရီးသည်နှင့် ကုန်စည်များ လုံခြုံစိတ်ချစွာ ဝန်ချိန်ပြည့် သယ်ယူပို့ဆောင်ပေးနိုင်ရန် ရည်ရွယ်ပြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်ပြီးစီးခဲ့ခြင်း ဖြစ်ပါကြောင်း။

**ခရီးသည်နှင့်ကုန်စည်ရရှိမှုအပေါ်မူတည်ပြီးပြေးဆွဲပေးသွားမည်ဖြစ်သည့်အတွက် ထင်ရှားမြင်သာသည့် အကျိုးရလဒ်ကို လက်တွေ့ခံစားနိုင်ကြတော့မည်ဖြစ်**

အဆိုပါ လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းပိုင်းအသစ် တည်ဆောက်ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပြီးချိန်၌ ပင်းပက်သံမဏိစက်ရုံမှ သံရိုင်းကုန်ကြမ်းများကို လိုရာအရောက် သက်သာလွယ်ကူစွာ သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း၊ ဒေသတွင်းမှ ကုန်စည်များကို ရထားဖြင့် ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်ခြင်း၊ စက်မှုကုန်ကြမ်းများကို ကုန်ချောထုတ်လုပ်ရာဒေသအရောက် လွယ်ကူစွာ ပို့ဆောင်ပေးနိုင်သည့်အတွက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းကို အသုံးပြုခြင်းအားဖြင့် တောင်တန်းဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ခြင်းနှင့် ဒေသတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ယနေ့ဖွင့်လှစ်သည့် ရွှေညောင်- တောင်ကြီး - နောင်ကားလမ်းခွဲ- ပင်းပက် လမ်းပိုင်းတွင် တောင်ကြီးဘူတာကို အခြေပြုပြီး တောင်ကြီး - ရွှေညောင်ရထား၊ တောင်ကြီး- ပင်းပက်-ဆိုက်ခေါင် ရထားများကို ခရီးသည်နှင့်ကုန်စည် ရရှိမှုအပေါ် မူတည်ပြီး ပြေးဆွဲပေးသွားမည်ဖြစ်သည့်အတွက် ထင်ရှားမြင်သာသည့် အကျိုးရလဒ်ကို လက်တွေ့ခံစားနိုင်ကြတော့မည် ဖြစ်ပါကြောင်း။

မြန်မာ့မီးရထားသည် နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ခရီးသည်နှင့် ကုန်စည်များကို စျေးနှုန်းသက်သာစွာနှင့် လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပေးရင်း နိုင်ငံတော်၏ ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုနိုင်စေရန်၊ တစ်ချိန်တည်း၌ လူ၊ ပစ္စည်း၊ ငွေကြေး စသည့် ရှိရင်းစွဲအရင်းအမြစ်များကို လေလွင့် ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိထိရောက်စွာ အသုံးချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဈေးကွက်စီးပွားရေး မူဝါဒနှင့်အညီ ယှဉ်ပြိုင်နေရသည့် ယနေ့ အချိန်အခါမျိုး၌ စီးပွားရေးဆန်ဆန် ယှဉ်ပြိုင်နိုင်ပြီး ခရီးသည်နှင့် ကုန်စည်များကို ကုန်ကျစရိတ်သက်သာစွာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့် သယ်ယူပို့ဆောင်ပေးနိုင်သည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်လာစေရေးကိုလည်း မြန်မာ့မီးရထားဝန်ထမ်းတိုင်းက မျှော်မှန်း ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ထို့ပြင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေရေး၊ မတော်တဆမှုများ လျှော့နည်းပပျောက်ရေး၊ ရထားများ အချိန်မှန်ကန်ရေး၊ ရထားလမ်းများ ပိုမိုတောင့်တင်းခိုင်မာရေး၊ ဝင်ငွေတိုးရေးနှင့် သုံးငွေလျှော့နည်းရေး၊ စက်ခေါင်းနှင့်တွဲ ချွတ်ယွင်းမှုများ လျှော့နည်းကျဆင်းရေး၊ ရထားဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေး စသည့်ရည်မှန်းချက်များကို မြန်မာ့မီးရထား ဝန်ထမ်းအဆင့်ဆင့် အားလုံးက တက်ညီလက်ညီ၊ စည်းလုံးညီညွတ်စွာဖြင့် မိမိကိုယ်ပိုင်စီးပွားရေး ပမာ ခံယူကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်ပြီး ကုန်သွယ်စီးပွားလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့် အချက်အချာ ဒေသဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားပေါင်းစုံလူဦးရေ (၄) သိန်းကျော် မှီတင်းနေထိုင်သည့် မြို့တော်ကြီးလည်း ဖြစ်ပါကြောင်း၊ တောင်ကြီးဒေသကို ဗဟိုပြုပြီး ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့ကို ပြည့်စုံအောင်မြင်အောင် ကြိုးပမ်းစွမ်းဆောင်ပေးခဲ့ကြသည့် မြန်မာ့မီးရထားမှ ဝန်ထမ်းများအားလုံးကို ဂုဏ်ယူအသိအမှတ်ပြု ပါကြောင်းနှင့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်ရှင်သန်ရပ်တည်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံ ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေး အတွက် မြန်မာ့မီးရထားဝန်ထမ်းများ အားလုံး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးဘူတာမှ ပင်းပက်ဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားစက်ခေါင်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။


ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းကို ကောင်စီတွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရွှေညောင် -တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်း ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရထားလမ်းပိုင်းဆိုင်ရာများ ရှင်းလင်းတင်ပြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်း ဖွင့်လှစ်ခြင်းအထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းကို ကောင်စီတွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် ဒေသခံတိုင်းရင်းသားပြည်သူများက ရိုးရာအိုးစည်များ တီးခတ်၍ ရှမ်းရိုးရာအကအလှများဖြင့်လည်းကောင်း၊ ကျောင်းသားကျောင်းသူများက ဘင်ခရာတီးဝိုင်း၊ ပန်းပွားအကအလှများဖြင့် လည်းကောင်း ဂုဏ်ပြုတီးမှုတ် ကပြကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးဘူတာမှ

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဒေသခံတိုင်းရင်းသား ရိုးရာအကအလှအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

ပင်းပက်ဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားစက်ခေါင်းနှင့် တောင်ကြီးဘူတာမှ ပေါ်မူဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားစက်ခေါင်းတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဒေသခံတိုင်းရင်းသားရိုးရာအကအလှအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တောင်ကြီးဘူတာမှ ပင်းပက်ဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားတွဲဆိုင်း စတင်ထွက်ခွာမှုအား ကြည့်ရှုအားပေးပြီး ရထားပေါ်တွင် စီးနင်းလိုက်ပါသွားကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများအား လက်ဝှေ့ယမ်းပြ နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သည့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများသည် တောင်ကြီးဘူတာမှ ပေါ်မူဘူတာသို့ ပြေးဆွဲထွက်ခွာမည့် ရထားတွဲဆိုင်းပေါ်တွင် အတူတကွ လိုက်ပါစီးနင်းခဲ့ကြပြီး တောင်ကြီးမြို့အား ရထားပေါ်မှ မြင်တွေ့ရသည့် အလှအပများ၊ တောင်ကြားလမ်းများ၊ ရထားလမ်းကြောင်းတစ်လျှောက် မြင်တွေ့ရသည့် သဘာဝရှုခင်းအလှအပများ၊ စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုများ၊ ထီသိမ်ဘူတာအနီး၌ ထည့်သွင်းဖောက်လုပ်ထားသည့် ရထားလမ်းအဝိုင်းပတ်ကို ရှမ်းပြည်နယ်၏ ထင်ရှားသောဘဝသံသရာရထားလမ်းနှင့် တံတားပုံစံအတိုင်း ထည့်သွင်းတည်ဆောက်ထားရှိမှုများ၊ ရထားလမ်းပိုင်းနေရာ အချို့အား ကျောက်သားမြေနံရံများ၊ ကျောက်တောင်များကို ဖြတ်တောက်တူးဖော်၍ ကျောက်တောင်ကြား လမ်းပိုင်းရှည်နေရာများကို ခက်ခက်ခဲခဲ ကြိုးပမ်းဖောက်လုပ်ထားရှိမှုများကို ကြည့်ရှုခဲ့ကြပြီး လမ်းကြောင်းတစ်လျှောက်မှ ဒေသခံပြည်သူများ၏ ရင်းရင်းနှီးနှီးနှုတ်ဆက်မှုကို လက်ဝှေ့ယမ်းပြ ပြန်လည်နှုတ်ဆက်သည်။

ထိုသို့ စီးနင်းလိုက်ပါစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ဒေသခံတိုင်းရင်းသားများက အိုးစည် ဗုံမောင်းများ တီးမှုတ်၍ ဂါရဝပြု ပြန်လည်နှုတ်ဆက်ကြသည်။ ထို့ပြင် မြန်မာ့မီးရထားမှ ဝန်ထမ်းများကလည်း ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်ပြီး စားသောက်ဖွယ်ရာများနှင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ရထားတွဲသည် ပေါ်မူဘူတာသို့ ရောက်ရှိကြပြီး မီးရထားဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ရထားလမ်းပိုင်း ပြေးဆွဲပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးဘူတာမှ ပေါ်မူဘူတာသို့ ထွက်ခွာသည့်ရထားပေါ်၌ စီးနင်းလိုက်ပါသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

မြန်မာ့မီးရထားအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ရှိသည့် ရထားလမ်းကွန်ရက်တစ်လျှောက် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးနှင့် ကုန်စည်များအား နေရာဒေသအနှံ့ ပို့ဆောင်နိုင်ရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဝါဒနှင့်အညီ စီစဉ်ပြေးဆွဲ ပို့ဆောင်လျက်ရှိကြောင်း၊ ယနေ့တွင် ဖွင့်လှစ်ခဲ့သည့် ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းပိုင်းအတွင်းရှိ နောင်ကားလမ်းခွဲဘူတာမှ တစ်ဆင့် ပင်းပက်သို့ အရှည် ၁၀ ဒသမ ၇၈ မိုင်ကို တိုးချဲ့ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းပိုင်းအတွင်း အဓိကကျသည့် ရွှေညောင်-တောင်ကြီးအကြား ရထားလမ်းပိုင်းကို ရထားလမ်းကွေ့နှင့် ဆင်ခြေလျှောပြေပြစ်ပြီး ပိုမိုကြံ့ခိုင်မှုရှိစေရေးနှင့် ခရီးသည်နှင့် ကုန်စည်များ လုံခြုံစိတ်ချစွာ ဝန်ချိန်ပြည့် သယ်ယူပို့ဆောင်နိုင်ရန် ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေညောင်-တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းတွင် ခရီးမိုင် ၄၁ ဒသမ ၁၆ မိုင် တံတားကြီး၊ တံတားငယ် ၁၂၉စင်းနှင့် ဘလောက်ဘူတာ ၉ ဘူတာ ပါဝင်ကြောင်း၊ ယခုကဲ့သို့ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည့်အတွက် မီးရထားလမ်းကြောင်းမှ ဒေသထွက်ကုန်စည်များကို ကျန်ကျစရိတ်သက်သာစွာ၊ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်ပေးနိုင်မည့်အပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်သော ရထားပို့ဆောင်ရေးကို အသုံးပြုခြင်းဖြင့် တောင်တန်းဒေသ၏ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် ဒေသတွင်း လူမှုစီးပွားဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ရထားလမ်းဖောက်လုပ်ရာတွင် လမ်းပိုင်းနေရာအချို့၌ ကျောက်သားမြေနံရံများ၊ ကျောက်တောင်များကို ဖြတ်တောက်တူးဖော်၍ ကျောက်တောင်ကြား လမ်းပိုင်းရှည်နေရာများ ခက်ခက်ခဲခဲ ကြိုးပမ်းဖောက်လုပ်ထားမှုကို တွေ့ရစဉ်။



ထီသိမ်ဘူတာအနီး၌ ထည့်သွင်းဖောက်လုပ်ထားသည့် ရထားလမ်းအဝိုင်းပတ်ကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးခန်းမ၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ တည်ဆောက်နေမှု၊ စီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းတည်နေရာနှင့် အကျယ်အဝန်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ အဆောက်အဦဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသို့ ဝင်ထွက်သည့်လမ်းများ စနစ်တကျရှိစေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုရှိစေရေး၊ သင်တန်းများဖွင့်လှစ်ချိန်တွင် သင်တန်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်မှုများနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အဆောက်အဦအား စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တည်ဆောက်ရန်၊ သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေးနှင့် အရည်အသွေးပြည့်မီစွာ တည်ဆောက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ ဆောက်လုပ်နေမှုနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာအား ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရန်အတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အချင်းချင်း ဖလှယ်နိုင်ရန်၊ တိုင်းရင်းသားများ၏ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုစေရန်နှင့် မဲခေါင်ဒေသအတွင်း နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ လှူဒါန်း

**လဟယ် အောက်တိုဘာ ၂၂** နယ်စပ်ရေးရာဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းတိုက်သို့ နာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (လဟယ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းနှင့် တာဝန်ရှိသူများ သွားရောက်၍ ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးစပါးစိုက်ပျိုးထားမှုအခြေအနေ ကွင်းဆင်းကြည့်ရှု

**ဝိုင်းမော် အောက်တိုဘာ ၂၂** ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေရယူ၍ မိုးစပါးစီမံကိန်းဆောင်ရွက်လျက်ရှိသော သမဝါယမအသင်းငါးသင်းရှိ အသင်းသားတောင်သူ ၂၉၇ ဦး၏ စိုက်ဧက ၁၄၆၀ ဧကတွင် ဆင်းကေရီ - ၃ စပါးမျိုးနှင့် ငွေတိုးစပါးမျိုးများအပြင် GW-11 စပါးမျိုး ခြောက်ဧကကိုလည်း သုံးပင်၊ ငါးပင် တန်းလှပ်စနစ်ဖြင့် စိုက်ပျိုးထားရှိသည်။

ထိုသို့ စိုက်ပျိုးလျက်ရှိရာတွင် ဝိုင်းမော်မြို့နယ် အမှတ် (၅) ရပ်ကွက် ပေါင်ကမ်လားလယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းရှိ အသင်းသားတောင်သူ ၂၁ ဦး၏ စိုက်ဧက ၂၅၀ ပေါ်တွင် မိုးစပါးစိုက်ပျိုးထားမှုအခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက (အောက်စဖိုဒ့်) ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ကမ္ဘာ့ဗုဒ္ဓသာသနာပြု(အောက်စဖို့ဒ့်)ဆရာတော်အား ဖူးမြော်ကြည်ညို၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၂**
နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီးဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပန်းတင်ကျေးရွာအုပ်စု ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် (Shan State Buddish University) သို့ သွားရောက်၍ ကမ္ဘာ့ဗုဒ္ဓသာသနာပြု (အောက်စဖို့ဒ့်) ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**နာယူကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်ကို ဦးဆောင်တည်ထောင်သူ အောက်စဖို့ဒ့်တက္ကသိုလ်၏ Fellow နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိအား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဧည့်ပရိသတ်များက (အောက်စဖို့ဒ့်) ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။


**ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က (အောက်စဖို့ဒ့်) ဆရာတော်ထံ ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရိုက်နှိပ်ထားသည့် ပိဋကတ်သုံးပုံကျမ်းစာအုပ်များ၊ မာရဝိဇယ ရုပ်ပွားတော်မြတ်ပုံစံတူ ရုပ်ပွားတော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဆရာတော်ကြီးကိုယ်တိုင် ရေးသားပြုစုထားတော်မူသည့် ဓမ္မစာအုပ်များကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များက ဆရာတော်၊ သံဃာတော်များထံသို့ လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ (အောက်စဖို့) ဆရာတော်က ဓမ္မလက်ဆောင်စာအုပ်များ ပြန်လည်ချီးမြှင့်သည်။

**ရေစက်သွန်းချအမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က (အောက်စဖို့) ဆရာတော်ထံမှ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရား နာယူကြည်ညိုကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (အောက်စဖို့ဒ့်) ဆရာတော်အား မာရဝိဇယရုပ်ပွားတော်မြတ်ပုံစံတူ ရုပ်ပွားတော် ပေးအပ်လှူဒါန်းစဉ်။

**ရွတ်ဖတ်သရဇ္ဈာယ်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဗုဒ္ဓတက္ကသိုလ်အတွင်း မဟော်ဂနီပင်ကို အမှတ်တရစိုက်ပျိုးပေးရာ သံဃာတော်များက မေတ္တာပို့ တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပေးကြသည်။

**သာသနာတော်အကျိုး ကြိုးပမ်း**

အဆိုပါ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်(Shan State Buddish University) ကို ဦးဆောင်တည်ထောင်သူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိကို ၁၉၆၄ ခုနှစ်တွင် ရှမ်းပြည်နယ် လဲချားမြို့ နောင်ပန်ကျေးရွာတွင် မွေးဖွားခဲ့ပြီး သက်တော် ၆ နှစ်၌ လဲချားမြို့ သီရိမင်္ဂလာအုဠ်ကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း၊ သက်တော် ၁၉ နှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၊ နိုင်ငံတကာ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များတွင် ထူးချွန်ဆုများ အသီးသီး ရရှိခဲ့ကာ ၂၀၀၄ ခုနှစ်တွင် Oriental Institute, University of Oxford မှ ပါရဂူဘွဲ့ကို ရရှိခဲ့ကြောင်း၊ ထို့နောက် ကမ္ဘာ့နိုင်ငံ အသီးသီးသို့ အလျဉ်းသင့်သလို ကြွရောက်၍နိုင်ငံတကာတက္ကသိုလ်များ၊ ကောလိပ်များတွင် သာသနာပြုတာဝန်များကို ထမ်းဆောင်တော်မူခဲ့ကြောင်း၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် (Shan State Buddish University) ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ဗုဒ္ဓဘာသာ ပညာရေးကဏ္ဍကိုကမ္ဘာ့တက္ကသိုလ်ကြီးများကဲ့သို့ ဗုဒ္ဓဘာသာအတွေးအခေါ်များ၊ တရားဓမ္မများကို နိုင်ငံတကာအဆင့်မီ သုတေသနပြုလေ့လာသင်ကြား ပို့ချနိုင်သည့် တက္ကသိုလ်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေး အားသွန်ခွန်စိုက်ကြိုးပမ်းတော်မူလျက်ရှိကြောင်းနှင့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာ စာပေများကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ရေးသားပြုစုထုတ်ဝေခြင်း၊ ဘာသာပြန်ဆိုခြင်းကိုလည်း လုပ်ဆောင်ကာ ဘာသာသာသနာတော်အကျိုးကို ကြိုးပမ်းအားထုတ် ဖော်ဆောင်တော်မူလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဗုဒ္ဓတက္ကသိုလ်အတွင်း မဟော်ဂနီပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ ဆယ်နှစ်တာလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်ရန်အတွက် ပြန်လည်သုံးသပ်သည့် အစည်းအဝေးတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၂




**ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ်တရားသူကြီးချုပ် The Hon. Tun Tengku Maimun binti Tuan Mat ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ်မှ ကြီးမှူး၍ အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် "အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ ဆယ်နှစ်တာလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရန်အတွက် ပြန်လည်သုံးသပ်သည့် အစည်းအဝေး (Council of ASEAN Chief Justices (CACJ) Retreat)" သို့ တက်ရောက်ခဲ့သည်။**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးသည် အာဆီယံတရားသူကြီးချုပ်များကောင်စီ (CACJ) အဖွဲ့ဝင်များဖြစ်သည့် အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့်အတူ အောက်တိုဘာ ၁၉ ရက်တွင် ပူထရာဂျာယားမြို့ရှိ မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ်သို့ သွားရောက်ကာ မလေးရှားနိုင်ငံ တရားရုံးများ၌ ဉာဏ်ရည်တု နည်းပညာအသုံးပြုဆောင်ရွက်ခြင်းကို လေ့လာပြီး၊ အာဆီယံ တရားသူကြီးချုပ်များကောင်စီ၏ ဆယ်နှစ်တာအထိမ်းအမှတ်တံဆိပ်ခေါင်းပြပွဲ အပါအဝင် မလေးရှား တရားရုံးချုပ်က ဆောင်ရွက်သည့် အာဆီယံတရားသူကြီးချုပ်များကောင်စီက ချမှတ်ခဲ့သည့် စံပြမူများ(Model Rules) မိတ်ဆက်ရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ အောက်တိုဘာ ၂၀ ရက်တွင် "အာဆီယံတရားသူကြီးချုပ်များ ကောင်စီ၏ ဆယ်နှစ်တာ လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရန်အတွက် ပြန်လည်သုံးသပ်သည့် အစည်းအဝေး"ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ရှန်ဂရီလာ ဟိုတယ်၌ ကျင်းပရာ အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ အာဆီယံတရားသူကြီးချုပ်များကောင်စီ (CACJ) အဖွဲ့ဝင်များဖြစ်သည့် အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကောင်စီအလှည့်ကျဥက္ကဋ္ဌဖြစ်သူမလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးချုပ် တရားသူကြီးချုပ် The Hon. Tun Tengku Maimun binti Tuan Mat က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး အာဆီယံတရားသူကြီးချုပ်များကောင်စီ ၏ ဆယ်နှစ်တာ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ပြီး၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ရန်အတွက် ဆွေးနွေးကြသည့်အကြောင်းအရာများအပေါ် ပြည်ထောင်စုတရားသူကြီးချုပ်က အာဆီယံ တရားသူကြီးချုပ်များနှင့်အတူ ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ရန်ကုန်မြို့တွင်း ကွန်ကရစ်တံတားနှင့် ကွန်ကရစ်လမ်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၂**



ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ၆ ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းနှင့် အောင်မင်္ဂလာလမ်းထိပ်တွင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ အရှည် ၃၂ ပေ၊ အကျယ် ၁၈ ပေရှိ အောင်မင်္ဂလာတံတား RC ကွန်ကရစ်တံတား တည်ဆောက်နေမှုလုပ်ငန်းခွင်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ကုလားကြီးစုရပ်ကွက် မွေးမြူရေး အသားထုတ်လုပ်ရေးဇုန်အတွင်း ရွှေရင်အေးလမ်း အရှည်ပေ ၆၅၀၊ အကျယ် ပေ ၂၀၊ ကွန်ကရစ်ခင်းကျင်းဆောင်ရွက်ပြီးအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် ကျန်စစ်သားလမ်းထောင့်ရှိ ကျန်စစ်သားလမ်း အရှေ့ဘက်ခြမ်း ရေနုတ်မြောင်းအား ၈ တန် Excavator ယန္တရားဖြင့် တိုးချဲ့ဆောင်ရွက်နေမှု၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်ဝင်းအတွင်းရှိ ဘဲတန်းချောင်းအစ လမ်းဖြတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုများနှင့် ၂၁ တန် Long Arm Excavator စက်ယန္တရားဖြင့် ဗေဒါဒိုက်များ ဆယ်ယူရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် စိတ်ကျန်းမာရေးဆေးရုံကြီးဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စိတ်ကျန်းမာရေးဆေးရုံကြီးဝင်းအတွင်း မီးသတ်ဦးစီးဌာနမှ တစ်နာရီလျှင် ရေဂါလန်တစ်သိန်းစုပ်ထုတ်နိုင်သည့် ရေစုပ်စက် နှစ်လုံးဖြင့် ရေစုပ်ထုတ်နေမှု၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် စစ်ပင်တောင်ကျေးရွာ အနီးရှိ ငမိုးရိပ်ရေထိန်း တံခါးတွင် အမှိုက်များ၊ ဒိုက်ဖတ်များ ဆယ်ယူရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ရေထိန်းတံခါးအတွင်းမှ သဲနုန်းများ စုပ်စက်ဖြင့် စုပ်ယူနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုတစိုက်လုပ်ကိုင်သွားရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ စီးပွားရေးလုပ်ငန်းရှင်များနှင့် UMFCCI တွင် တွေ့ဆုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

အဆိုပါဆွေးနွေးပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich၊ နိုင်ငံတကာဆက်ဆံရေး အထူးအရာရှိချုပ် Dmitry KRUTOY၊ ခရိုင်စတက်ခရိုင် အုပ်ချုပ်ရေးအဖွဲ့အကြီးအကဲ Andrey A.Kononov နှင့် ရေထွက်ကုန်ပစ္စည်းထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ သစ်နှင့်ပရိဘောဂလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich က အနာဂတ်ကာလတွင် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ ရေလုပ်ငန်း၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် အခြားသော ပို့ကုန်ကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည့်ကဏ္ဍများကိုလည်းကောင်း၊ ဆောင်းရာသီ၌ စိန့်ပီတာစဘတ်တွင် ကျင်းပပြုလုပ်မည့် နိုင်ငံပေါင်း (၃၀) မှ ထုတ်ကုန်များကို ခင်းကျင်းပြသမည့် ပြခန်းနှင့်ဈေးရောင်းပွဲတော်၌ မြန်မာနိုင်ငံမှ ထုတ်ကုန်များကို ပြသနိုင်ရန်ဖိတ်ခေါ်ခဲ့ပြီး အသေးစားရေအားလျှပ်စစ်ကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအဖြစ် ဆိုလာနည်းပညာနှင့် ရုရှားလက်ဖက်ခြောက်ထုတ်လုပ်မှုတို့ကို မိတ်ဆက်ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက နှစ်နိုင်ငံအကျိုးရှိစေမည့် စီးပွားရေးဆိုင်ရာ ကဏ္ဍများကိုလည်းကောင်း၊ ဆန်တင်ပို့မှုကဏ္ဍ၊ ငါး/ပုစွန်ဖြူပို့ကုန်ကဏ္ဍ၊ ပင်လယ်ပြင်ရေနက်တွင် ငါးဖမ်းဆီးမှုတွင် သင်္ဘောနှင့် နည်းပညာပိုင်းဆိုင်ရာကဏ္ဍနှင့် အထည်ချုပ်လုပ်ငန်းတို့ကို ရင်းနှီးပွင့်လင်းစွာ အသီးသီးတင်ပြဆွေးနွေးရာ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌက ချိတ်ဆက်ဆောင်ရွက်သွားမည့်ကဏ္ဍတို့ကို ရှင်းလင်းပြောကြားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံမှုသည် ရုရှား-မြန်မာ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပမှု တက်ရောက်အားပေး

နေပြည်တော် အောက်တိုဘာ ၂၂

**၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။**

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ နာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိပြီး ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းဆိုင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် (၁၅၁) မှ အတွဲအမှတ် (၃၀၀) အထိ ပုလဲအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများအား တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပြပွဲတွင် ရောင်းချသည့် ပုလဲအတွဲအမှတ် (၁၅၁) မှ အတွဲအမှတ်(၂၂၅)အထိ တင်သွင်းထားသော တင်ဒါအမှတ် (၃) ကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ပုလဲအတွဲအမှတ် (၂၂၆) မှ အတွဲအမှတ်(၃၀၀)အထိ တင်သွင်းထားသော တင်ဒါအမှတ် (၄) ကို ညနေ ၅ နာရီတွင်လည်းကောင်း တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးပြီး ပုလဲအတွဲပေါင်း ၁၅၀ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ပုလဲအတွဲပေါင်း ၃၀၀ ရောင်းချခဲ့ရကြောင်း၊ ပြပွဲစတုတ္ထနေ့တွင် ကျောက်မျက်အတွဲ ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ်ဖွင့်ပွဲတက်ရောက်

**စစ်တွေ အောက်တိုဘာ ၂၂**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြည်နယ်အတွင်း ဒေသခံစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရေးနှင့် ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရည်ရွယ်ကျင်းပသည့် ရခိုင်ပြည်နယ်စီးပွားရေးဖိုရမ် (Rakhine Economic Forum 2023) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ ရခိုင်လူငယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်စီးပွားရေးဖိုရမ် (Rakhine Economic Forum 2023)မှခ်ဦးအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ပြည်နယ်ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။



ဆက်လက်၍ အခမ်းအနားကို ခန်းမအတွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ယနေ့ကျင်းပသည့် အခမ်းအနားသည် ရခိုင်ပြည်နယ်အတွင်းရှိသည့် လူငယ်လူရွယ်များ စီးပွားရေးကဏ္ဍတွင် အောင်မြင်စေရေး ရခိုင်ပြည်နယ်မှ နိုင်ငံကိုယ်စားပြု စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေး၊ စွန့်ဦးတီထွင်သူများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် လူငယ်များသည် အနာဂတ်စီးပွားရေးကို မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်မည်၊ မိမိပတ်ဝန်းကျင်နှင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်စသည်တို့ကို ရည်မှန်းချက် ထားရှိရမည်ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်းနှင့် ခိုင်သဇင်ပန်းခြံအတွင်း ခင်းကျင်းပြသထားသည့် စာအုပ်ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ IT နှင့် သက်ဆိုင်သောပစ္စည်းများ၊ Branded အဝတ်အထည်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ပညာရေးဝန်ဆောင်မှုများ၊ စီးပွားရေးဆိုင်ရာပြခန်းများ၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများအား ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် လူငယ်စီးပွားရေးလုပ်ငန်းရှင် ဦးထွန်းထွန်းနိုင်နှင့်အတူ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးလုပ်ငန်းရှင်များ၊ လူငယ်စီးပွားရေးလုပ်ငန်းရှင်များက "စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်တစ်ဦး" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ Nuclear Technology ဌာနရှိ စာသင်ခန်းနှင့် လက်တွေ့ခန်းများ ပြင်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့တွင် ကျောက်ဆည်မြို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဌာနများ၌ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်မှ ချမှတ်ထားသော အမျိုးသားရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် လက်တွေ့ကျကျ ထိထိရောက်ရောက် အထောက်အကူပြုနိုင်မည့် အရည်အသွေးပြည့်မီသော နည်းပညာရှင်များ၊ သုတေသီများ မွေးထုတ်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ MSMEs စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးနည်းပညာ ဖြန့်ဝေပေးမှုများ မြှင့်တင်ဆောင်ရွက်ရန်၊ ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝတိုးတက်အောင် ရည်မှန်းချက်ထားဆောင်ရွက်ခြင်းဖြင့် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည်ဖြစ်ရာ ယင်းအတွက် တစ်တပ်တစ်အားဖြစ်စေမည့် နည်းပညာ၊ သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်၊ ဗလငါးတန်နှင့် ပြည့်စုံသော မျိုးဆက်သစ် နည်းပညာရှင်များကို မြေတောင်မြှောက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဆက်စပ်ဝန်ကြီးဌာနများ/ သုတေသနဌာနများ / တက္ကသိုလ်များနှင့်အတူ နိုင်ငံတော်နှင့် ပြည်သူများ၏ ရေရှည်အကျိုးစီးပွားကို ဖြစ်ထွန်းစေမည့် သုတေသနစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် Nuclear Technology ဌာနရှိ စာသင်ခန်းနှင့် လက်တွေ့ခန်းများ ပြင်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ National Research Nuclear University (Moscow Engineering Physics Institute–MEPhI) တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးဖြစ်၍ ယင်းအတွက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တစိုးရွာရှိ ကောင်းရာဇာဆန်စက်၌ စပါးခွံလောင်စာသုံး Gasifier စက်ကို ကြည့်ရှုစစ်ဆေးပြီး SOP များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်) သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများ လက်တွေ့သုတေသနဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဇီဝနည်းပညာသုတေသနဦးစီးဌာနသို့ ရောက်ရှိပြီး မျိုးဗီဇဆိုင်ရာ သုတေသနဓာတ်ခွဲခန်း၊ အဏုဇီဝဓာတ်ခွဲခန်းတို့တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးပေးနိုင်မည့်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုဆောင်းပါး

# တို့ဘိုးဘွားယဉ်ကျေးမှုအမွေအနှစ်မို့ ...

**အသက်ကြီးလာလို့ထင်ပါရဲ့။ ကျွန်မဖြင့် အခုနောက်ပိုင်း မြန်မာသံစဉ်တေးသီချင်းတွေကို ပိုပြီးနှစ်သက်မြတ်နိုးလာတယ်။ နိုင်ငံကျော် အဆိုတော်ကြီးတွေဖြစ်ကြတဲ့ တင်တင်မြ၊ မာမာအေး၊ ရီရီသန့်၊ သုမောင်၊ ဝင်းဦး၊ စန္ဒရားလှထွဋ်၊ စန္ဒရားချစ်ဆွေ၊ တွံတေးသိန်းတန်၊ ဟသ်ာတထွန်းရင်တို့ရဲ့ တေးသီချင်းတွေ၊ နံနက်ခင်း မင်္ဂလာတေးတွေ၊ ရေကင်းသံ၊ ပြောသံ၊ စည်သံတွေကို နားသောတဆင်ရတာ ပိုပြီးနားဝင်ပီယံရှိလာတယ်။**

ခင်သန်းမြင့်

မြန်မာဂီတအနုသုခုမရဲ့ အခြေခံသဘောကိုက သိမ်မွေ့ခြင်း၊ နူးညံ့ပျော့ပျောင်းခြင်း၊ အေးချမ်းသာယာခြင်း၊ စိတ်နှလုံးမွေ့လျော်ခြင်းစတဲ့ လက္ခဏာရှိလေတော့ သက်ကြီးရွယ်အိုတွေရဲ့ ငြိမ်းငြိမ်းချမ်းချမ်းနေလိုတဲ့ သဘောသဘာဝနဲ့ ထပ်တူကျ ထင်ဟပ်လို့နဲ့တူပါတယ်။

မြန်မာဂီတဆိုတာကလည်း ဆိုချင်သလိုဆို၊ စပ်ချင်သလိုစပ်၊ တီးချင်သလိုတီးလို့ရတဲ့ ဂီတအမျိုးအစားမှမဟုတ်တာ။ ရှေးရှေးကတည်းက စည်းမျဉ်းစည်းကမ်း၊ ဥပဒေတွေကိုယ်စီနဲ့ သတ်မှတ်ချက်ထားရှိပြီးသား။

သီချင်းကြီးဆိုလည်း သူ့စည်းသူ့ကမ်း သူ့ဘောင်နဲ့။ ဘောလယ်၊ ယိုးဒယားပတ်ပျိုး၊ ဘွဲ့၊ ရတု၊ ရကန်၊ ပျို့၊ လင်္ကာတို့ဆိုလည်း သူ့စပ်နည်းစပ်ဟန်၊ ရေးနည်းရေးဟန်၊ ဆိုနည်းဆိုဟန်တွေရှိကြတယ်။ ရတုနဲ့ရကန်မှာတောင် အသံတည်ပုံ၊ အသံအလေးအနက်၊ အတက်အကျ၊ အနိမ့်အမြင့် မတူဘဲ ကွဲပြားခြားနားမှုရှိတယ်လို့ သိရတယ်။ ရှေးက ရှင်ဘုရင်ရှေ့တော်မှာဆိုရတဲ့ အဆိုရှင်တွေဆိုရင် သတ်မှတ်ပေးထားတဲ့ ဘောင်အတွင်းက ကျော်ပြီး ဆိုခွင့်မရှိဘူး။ မဆိုတတ်လို့ မဆိုနိုင်လို့က အာဖွဲ့ခြင်းခံရတယ်လို့ဆိုတယ်။

### လူတကာစွဲမက်အောင် တီးခတ်

ဆိုင်းဝိုင်းဆိုလည်း အချို့က တဒုန်းဒုန်း တဒိုင်းဒိုင်းမြည်အောင်တီးမှ ဆိုင်းကောင်းလို့ ယူဆကြတယ်။ ဒါပေမယ့် တကယ့်နားလည်တဲ့ ဝါသနာရှင်တွေ၊ ပညာရှင်တွေကတော့ လူအများ နားခံသာစေဖို့ ငြိမ့်ငြိမ့်ညောင်းညောင်း သာယာနာပျော်ဖွယ်ဖြစ်အောင်၊ ပီသအောင် ကြေးကိုဦးစားပေးသင့်တဲ့အခါပေး၊ မောင်းကို ဦးစားပေးသင့်ကပေး၊ နှဲကို ဦးစားပေးသင့်ကပေးပြီး တီးမှ တကယ့်ဆိုင်းဝိုင်းလို့ သတ်မှတ်ကြပါတယ်။ မြန်မာ့ဆိုင်းလောကမှာ နာမည်ကျော်ကြားထင်ရှားခဲ့တဲ့ ဆိုင်းဆရာစိန်ဗေဒါဟာ ဆိုင်းကို မြည်အောင်တီးသူမဟုတ်ဘဲ ပီသအောင်တီးသူဖြစ်တယ်လို့ ဆိုပါတယ်။ အလားတူ စိန်ဗိုလ်တင့်ဟာလည်း လူတကာစွဲမက်အောင် ပညာသားပါပါ တီးခတ်နိုင်ရုံမက တီထွင်မှုရှိပြီး လုံ့လဝီရိယကြီးသူလို့လည်း ထင်ရှားခဲ့ပါတယ်။

မြန်မာ့ဆိုင်းဝါသနာရှင်တွေကတော့ စိန်ဗေဒါနဲ့ လေဘာတီမမြရင်တို့ အတွဲညီသလို စိန်ဗိုလ်တင့်နဲ့ အမာစိန်တို့ကလည်း အတွဲညီတယ်လို့ ဆိုကြတယ်။ စိန်ဗိုလ်တင့်နဲ့ အမာစိန်တို့အတွဲဆိုရင် တစ်ခေတ်တစ်ခါက ရန်ကုန်လူထုတွေ ကြက်ပျံမကျ အားပေးကြည့်ရှုခဲ့ကြတယ်ပေါ့။

မင်းသမီးဆိုလည်း ကိုယ်ပိုင်အသံနဲ့ဆိုတတ်မှ၊ ကကြိုးစုံအောင်ကတတ်မှ၊ အငြိမ့်မင်းသမီးဆိုလည်း ရည်းစားမျှော် အဆို၊ အကတတ်မှ။ မင်းသားဆိုလည်း ဆိုတတ်၊ ငိုတတ်၊ ကတတ်ရုံမက ဇာတ်ရုပ်အသွင်ပေါ်အောင် အမူအရာကောင်းမှ။ ခွန်းထောက်ဆိုတတ်ရုံမျှ မင်းသားမဖြစ်၊ လက်မြှောက်တတ်ရုံမျှနှင့် မင်းသမီးမဟုတ်လို့ ဆိုစကားရှိတယ်။ ရှေးအခေါ် လူပြက်ဆိုလည်း ယောကျ်ားတို့တတ်အပ်တဲ့ အတတ်ပညာတစ်ဆယ့်ရှစ်ရပ်ထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ လူပြက်ပညာ၊ လူပြက်အတတ် ဝမ်းစာပြည့်ပါမှ ပရိသတ်ရဲ့အားပေးလက်ခံမှုကို ရကြတာ။




(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ(ခရိုင်အဆင့်) အတီးပြိုင်ပွဲ၌ ပြိုင်ပွဲဝင်တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပညာရပ်တွေ မတိမ်ကော မပပျောက်စေဖို့ ပညာရှင်တွေကလည်း ဆရာစဉ် ဆရာဆက် လက်ဆင့်ကမ်းသင်ကြားပြီး ကျားကန်ပေးခဲ့သလို မျိုးချစ်စာပေပညာရှင်ကြီးတွေကလည်း အကြံပြုဝေဖန်ထောက်ပြခဲ့ကြပါတယ်။

ဆရာကြီး သခင်အောင်ဖေက **“ဘာပဲပြောပြော ဇာတ်၊ အငြိမ့်၊ သဘင်များ ခါးဆက်ပြတ်လုနီးနီး ဖြစ်ခဲ့ကြသည်။ အနုပညာမြတ်နိုးသူတို့က သတိရ၍ ခါးဆက်လုံးလုံးမပြတ်ခင် ဆက်ပေးသောကြောင့် ဝမ်းသာကြရသည်။ စင်စစ် မိရိုးဖလာက ဆင်းသက်လာသည့် အနုပညာဘာသာရပ်များ မတိမ်ကော မပပျောက်ရန် တာဝန်ကိုယ်စီရှိကြသည်။ ကျွန်ုပ်တို့သည် ရှိပြီးမိရိုးဖလာ၊ ရိုးရာယဉ်ကျေးမှုပညာရပ်များကို ပြုပြင်ပေးသင့်က ပြုပြင်ပေးရမည်။ သတိပြုရန်ကား အရိုးကိုအရွက် မဖုံးရပေ”**လို့ အကြံပြုရေးသားခဲ့ပါတယ်။

ဆရာမကြီး လူထုဒေါ်အမာကလည်း တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားခဲ့ကြတဲ့ အနုပညာရှင်တွေအကြောင်းကို “ပြည်သူချစ်သော အနုပညာသည်များ”၊ “အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး၊ ရွှေမန်းတင်မောင်”ဆိုပြီး တခုတ်တရ မှတ်တမ်းတင်ရေးသားခဲ့ပါတယ်။ ဆရာမကြီးက **“ဖတ်ဖူးသူတွေက ဒီစာအုပ်တွေကို ကျွန်မ ဒီလိုရေးနိုင်တာဟာ ကျွန်မကိုယ်တိုင် ကိုယ်နှိုက်က အဆို၊ အတီး၊ အကစတဲ့ ပညာတစ်ခုမဟုတ် တစ်ခုတော့ အနည်းဆုံးတတ်လိမ့်မယ်၊ ဒါကြောင့် ဒီလိုရေးနိုင်တာလို့ ထင်ကြပါသတဲ့။ ကျွန်မဘာကိုမျှ မတတ်ပါဘူး။ မယုံမရှိပါနဲ့ ကျွန်မရေးပြပါ့မယ်”** ဆိုပြီး နေရှင်နယ်ကျောင်းသူဘဝ၊ နေရှင်နယ်ဒေးကပွဲမှာ ဗန္ဒုလစစ်သူကြီးအဝတ်အစားနဲ့ ဓားလွတ်ကိုင်ပြီး ကြိမ်းဝါးတဲ့အခါ စာသားမေ့နေလို့ ချွေးပြန်ခဲ့ရပုံတွေ၊ သီချင်းဆိုတဲ့အခါ အဆိုနဲ့အသံ မကိုက်လို့ ရွာစားကြီးစိန်ဗေဒါ ချွေးပြန်ခဲ့ရပုံတွေ၊ ကိန္နရီယိမ်းကတဲ့အခါ ရှေ့က ကနေသူရဲ့ ထဘီအနားကို တက်နင်းမိလို့ ရှေ့ကသူခမျာ ဟပ်ထိုးဟပ်ထိုးနဲ့ ပုံပျက်ပန်းပျက်ဖြစ်ခဲ့ရပုံတွေကို “အဆို အက ထိုနှစ်ဝ” ခေါင်းစဉ်နဲ့ ရေးသားခဲ့ပါတယ်။

### ကလေးတွေ အတွေးအမြင်မမှားအောင် ဆောင်းပါးရေးသားခဲ့

ဒါ့အပြင် ဆရာမကြီးလူထုဒေါ်အမာဟာ မြန်မာနိုင်ငံအတွင်းကို ထိုးဖောက်ဝင်ရောက်လာတဲ့ အနောက်တိုင်းယဉ်ကျေးမှုပြဿနာနဲ့ပတ်သက်ပြီး ကလေးတွေ အတွေးအမြင်မမှားရလေအောင် ၁၉၉၄ ခုနှစ် နိုဝင်ဘာလထုတ် မိုးဂျာနယ်မှာ **“လူကြီးတွေက ဝိုင်းပြီးထိန်းသိမ်းကြပါဦးစို့”**ဆိုတဲ့ ခေါင်းစဉ်နဲ့ဆောင်းပါးရေးသားခဲ့ပါတယ်။

ဆရာကြီးသိန်းဖေမြင့်ကတော့ မြန်မာ့ဇာတ်သဘင်ခေတ်သစ်ကို တည်ထောင်နိုင်ကြရန် ဆိုပြီး ဇာတ်သဘင်က တင်ပြသော အကြောင်းအရာများကို ခေတ်အလိုနှင့်ညီညွတ်အောင် ပြုပြင်ထိုက်လေပြီ။ တင်ပြသောအကြောင်းအရာတို့သည် ဇာတ်နိပါတ်၊ ရာဇဝင်တို့ဖြင့် ရောင့်ရဲမနေအပ်တော့ချေ။ ကာလပေါ်ဝတ္ထု၊ ပြဇာတ်နှင့် ရုပ်ရှင်တို့သည် ခုမျက်မှောက်ဖြစ်ပျက်ရင်းတို့ကို အခြေခံ၍ ဇာတ်ကွက် ဇာတ်လမ်းတည်ဆောက်သလိုကဇာတ်၏ ဇာတ်ကွက် ဇာတ်လမ်းများကို တည်ဆောက်ဖို့ လိုလေပြီ။

အက၊ အဆိုများတွင်လည်း ဦးဖိုးစိန် တိုးချဲ့တီထွင်ခဲ့သည့်နည်းအတိုင်း မြန်မာ့အမျိုးသားဟန်များကို မပျောက်စေဘဲ၊ အရိုးကိုအရွက်မဖုံးစေဘဲ၊ အတိတ်အစဉ်အလာများနှင့် အဆက်မပြတ်စေဘဲ၊ အမျိုးသားဟန်တို့နှင့် ခွကန့်လန့်မဖြစ်စေဘဲ အသစ်များဖြည့်ခြင်း၊ နိုင်ငံခြားမှခေတ်မီဟန်စနစ်များကို ငုံယူကာ အကသစ်၊ အဆိုသစ်၊ ဟန်သစ်များကို ထွင်ထိုက်လေပြီ။

### တောဓလေ့အကမျိုးကို ပိုခေတ်စားအောင်အားပေးသင့်

ဒိုးပတ်၊ အိုးစည်စသော တောဓလေ့အကမျိုးကိုလည်း ပိုခေတ်စားအောင် ဇာတ်ခုံပေါ်မှာအားပေးသင့်၏။ အကြောင်းမူကား ထိုအကတို့သည် လူကို အားတက်စေသည်။ ကြွစေသည်။ မြူးစေသည်။ ၎င်းပြင် လူထုကိုချစ်စေသည်။ ဥပမာ “ကောက်စိုက်ခြင်း” အကသည် တောင်သူလယ်သမားကို ချစ်စေသည်။ ကောက်စိုက်ခြင်းအကလို လက်ဖက်ရွက်ခူးသည့်အကမျိုး၊ မြေတူး မြေပေါက် ရေကာတာဆောက်သည့်အကမျိုးကို တီထွင်ထိုက်၏။ ထိုအကမျိုးကိုကြည့်ရင်း ထိုအလုပ်ကိုလည်းကောင်း၊ ထိုအလုပ်သမားကိုလည်းကောင်း ချစ်လာစေသည်။

ဇာတ်ပြချိန်ကိုလည်း ပြင်ထိုက်လေပြီ။ တစ်ညလုံး မိုးအလင်းကသည့်စနစ်မှာ ဘယ်ဘက်က ကြည့်ကြည့်မကောင်း။ လူတိုင်းကလည်း မကောင်းဟု ဝန်ခံကြသည်။ အချိန်တိုတိုနှင့် အရသာအပြည့်ပါအောင် ပြုပြင်အပ်ပေသည်။

အဝတ်တန်ဆာများကိုလည်း သင့်လျော်သလို ပြုပြင်သွားဖို့၊ နောက်ခံကား၊ ဆက်တင်အခမ်းအနား၊ မီးထိုးပုံ စသည်များလည်း ပြုပြင်သွားဖို့ ၁၉၅၃ ခုနှစ်က “ဇာတ်ဆရာဦးဖိုးစိန်” ဆောင်းပါးမှာ အကြံပြုရေးသားသွားခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ အထက်ဖော်ပြပါအချက်များအတိုင်း ပြုပြင်နိုင်မှသာ ဇာတ်သဘင်ခေတ်သစ်တစ်ခု ဖြစ်ပေါ်ပေလိမ့်မယ်၊ ဇာတ်သဘင်ဟာ မတိမ်ကော မပပျောက်ဘဲ တိုးတက်ထွန်းကားလိမ့်မယ်လို့လည်း ဆရာကြီးသိန်းဖေမြင့်က ဆိုပါတယ်။

### ကိုယ်ပိုင်ယဉ်ကျေးမှုဝိသေသလက္ခဏာတွေ ပျောက်ကွယ်လုနီးနီးဖြစ်လာ

သို့ပေမယ့် နောက်ပိုင်းကာလမှာ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို ဖြစ်လာတဲ့အချိန်မှာတော့ ခေတ်အခြေအနေအရ နိုင်ငံငယ်တွေရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု ဝိသေသလက္ခဏာတွေဟာ အရိုးပေါ်အရွက်ဖုံးလာရုံမက အချို့ဆို ပျောက်ကွယ်ပျက်စီးလုနီးနီး ဖြစ်လာခဲ့ရပါတယ်။

ပျူခေတ်ကာလမှ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံစတဲ့ ခေတ်ကာလအဆက်ဆက် ကိုယ့်ထီးကိုယ့်နန်းနဲ့ ယဉ်ကျေးမှုထွန်းကားခဲ့တဲ့ မြန်မာနိုင်ငံမှာလည်း တိုင်းတစ်ပါးယဉ်ကျေးမှုတွေ စိမ့်ဝင်ထိုးဖောက်ဝင်ရောက် ပျံ့နှံ့လာမှုနဲ့ အတူ

စာမျက်နှာ ၁၁ သို့

**✻ ဒိုးပတ်၊ အိုးစည်စသော တောဓလေ့အကမျိုးကိုလည်း ပိုခေတ်စားအောင် ဇာတ်ခုံပေါ်မှာ အားပေးသင့်၏။ အကြောင်းမူကား ထိုအကတို့သည် လူကို အားတက်စေသည်။ ကြွစေသည်။ မြူးစေသည်။ ၎င်းပြင် လူထုကို ချစ်စေသည်။ ဥပမာ “ကောက်စိုက်ခြင်း” အကသည် တောင်သူလယ်သမားကို ချစ်စေသည်။ ကောက်စိုက်ခြင်းအကလို လက်ဖက်ရွက်ခူးသည့် အကမျိုး၊ မြေတူး မြေပေါက်ရေကာတာ ဆောက်သည့်အကမျိုးကို တီထွင်ထိုက်၏။ ထိုအကမျိုးကိုကြည့်ရင်း ထိုအလုပ်ကိုလည်းကောင်း၊ ထိုအလုပ်သမားကိုလည်းကောင်း ချစ်လာစေသည်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်နေမှုလုပ်ငန်းခွင်များအား ကြည့်ရှု

**မုံရွာ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၁ ရက်က ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်ကူး တံတား (ထမံသီ) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးညီညီဇော်က ချင်းတွင်း မြစ်ကူး တံတား(ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ထွန်းလင်းက ချင်းတွင်း မြစ်ကူးတံတား(ထမံသီ) ချဉ်းကပ်လမ်းများ ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး အတွက် ပံ့ပိုးဆောင်ရွက်ပေးမှုကို ဖြည့်စွက်တင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကို ဆက်သွယ်ပေးမည့် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ပြီးစီး ပါက လေရှီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်ရှိ ပြည်သူများ အတွက် များစွာအထောက်အကူပြုသည့် တံတားကြီး တစ်စင်းဖြစ်ကြောင်း၊ ထို့ပြင် ဆွမ္မရာမြို့ ပန်ဆပ် ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးရေး အတွက် များစွာအကျိုးပြုစေမည်ဖြစ်ကြောင်း ၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလတွင် ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်အောင် တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ကိုလည်း သတိပြုဆောင်ရွက်စေလိုကြောင်း တာဝန် ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)သည် ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ဟုမ္မလင်းမြို့-လေရှီး မြို့-ပန်ဆပ်-ဆွမ္မရာမြို့လမ်းပေါ်တွင် ချင်းတွင်းမြစ် အားဖြတ်၍ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်း




ကင်းလွတ်အမြင့်ပေ ၄၀ (HFL)ဖြင့် တည်ဆောက်နေခြင်း ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများက ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) ချဉ်းကပ်လမ်းဖောက်လုပ်နေမှုနှင့် တံတားကြီး တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး ခဲ့ကြပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက် သည်များကို တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဖျာပုံမြို့နယ်အတွင်း မြို့လှပစေရေးစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဖျာပုံ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများရှိ လမ်းဘေးဝဲယာနှင့် ခြံလွတ်/အိမ်လွတ်



နေရာများတွင် ချုံနွယ်များ အမှိုက်များမရှိစေရန်အတွက် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂၂ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများအတွင်း ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ခရိုင်/မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူထက်၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာပြည်သူများက မြို့နယ်အတွင်းရှိ မြို့ဝင်၊မြို့ထွက်၊လမ်းဘေးဝဲယာနှင့် ခြံလွတ်၊ အိမ်မြေ နေရာ အလွတ်များရှိ ချုံနွယ်များ၊အမှိုက်များရှင်းလင်းခြင်း၊ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သန့်ရှင်းသာယာလှပသော မြို့ရွာများ ဖြစ်စေရေးဆောင်ရွက်ကြရန် လိုက်လံအသိပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**

## မိုင်းခတ်မြို့နယ်၌ မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေးစစ်ဆေး

**မိုင်းခတ် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ ပွင့်လင်းရာသီတွင် မီးဘေး အန္တရာယ်များအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မိုင်းခတ်မြို့နယ်ရှိ ဟိုတယ်၊ မိုတယ်နှင့် စက်ရုံ၊ အလုပ်ရုံများသို့ စစ်ဆေးခြင်းကို အောက်တိုဘာ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန စခန်းတာဝန်ခံ ဦးစိုင်းဇင်ကိုလတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဦးစီး ဌာနအမှုဆောင်အရာရှိ ဦးအားဝေ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျကျိုးတို့က တိုင်းရင်းသားပြည်သူများအား မီးဘေးလုံခြုံမှုရှိစေရေး အတွက် မီးသတ်ဆေးဘူး၊ မီးသတ်ရေပုံးများ၊ မီးချိတ်၊ မီးကပ်များ၊ သဲအိတ်များ၊ ရေကန်များထားရှိစေရေးအတွက် ဆောင်ရန် ရှောင်ရန်များ ကို ပြောကြားခဲ့ကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

မိရိုးဖလာ မြန်မာ့ရိုးရာယဉ်ကျေးမှုပညာရပ်တွေ ဟာလည်း တဖြည်းဖြည်း အရိုးပေါ်အရွက်ဖုံးလာ တယ်။ တိုင်းတစ်ပါးယဉ်ကျေးမှုအပေါ် အထင်ကြီး ပြီး ကိုယ့်ရိုးရာယဉ်ကျေးမှုအပေါ် အထင်သေးလာ ကြတယ်။ လေးစားမြတ်နိုးတန်ဖိုးထားမှုတွေ နည်းလာကြတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ လက်ထက်မှာတော့ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်ရအောင်၊ လျှော့ပါး မသွားစေရအောင်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ ရောနှောလွှမ်းမိုးမသွားစေရအောင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပညာရှင်ကြီးတွေရဲ့ အကြံဉာဏ်တွေ၊ ဦးဆောင်မှု တွေနဲ့ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ပါတယ်။ ပြိုင်ပွဲကြီးကနေ မျိုးဆက်သစ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး အနုပညာ ရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ အချို့ဆိုရင် အနုပညာနယ်ပယ်မှာ ထင်ရှားကျော်ကြားသူတွေအဖြစ် ပေါ်ထွက်လာခဲ့ကြပါ တယ်။

ပြီးခဲ့တဲ့ ဒီမိုကရေစီခေတ်ကာလမှာတော့ ခေတ်ရေစီးကြောင်းရဲ့ မျောပါမှုနဲ့အတူ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဟာ သိပ်ခေတ်မစားတော့ဘဲ နောက်ရောက်သွားခဲ့ပါ တယ်။

> **“၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာတော့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရအောင်၊ လျှော့ပါးမသွားစေရအောင်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ ရောနှောလွှမ်းမိုးမသွားစေရအောင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပညာရှင်ကြီးတွေရဲ့ အကြံဉာဏ်တွေ၊ ဦးဆောင်မှုတွေနဲ့ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ပါတယ်။ ပြိုင်ပွဲကြီးကနေ မျိုးဆက်သစ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး အနုပညာရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ အချို့ဆိုရင် အနုပညာနယ်ပယ်မှာ ထင်ရှားကျော်ကြားသူတွေအဖြစ် ပေါ်ထွက်လာခဲ့ကြပါတယ်”**

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ခေတ်မှာတော့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နှစ်စဉ်မပျက်မကွက် ပြန်လည်ကျင်းပပေးလာတဲ့အတွက် ပြိုင်ပွဲကြီးဟာ တစ်ဖန်သက်ဝင်နိုးထလာခဲ့ပါတယ်။

မကြာမီမှာ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပါတော့မယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပြိုင်ပွဲတွေရဲ့ အခြေခံပညာအဆင့်၊ အဆင့်မြင့် ပညာအဆင့်၊ ဝါသနာရှင်အဆင့် စတဲ့ပြိုင်ပွဲတွေမှာ ဆုရရှိခဲ့ကြတဲ့ မျိုးဆက်သစ်အနုပညာရှင် အသီး သီးဟာလည်း တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စား ပြုပြီး မကြာမီဝင်ရောက်ယှဉ်ပြိုင်ကြပါတော့မယ်။

၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နိုင်ငံတော်က **“အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှုအနုပညာ အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်းမြှင့်တင် ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း ခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမို ထွန်းကားပြန့်ပွားစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ် တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး”**ဆိုတဲ့ ဦးတည်ချက်(၄)ရပ်နဲ့အညီ ကျင်းပသွားမယ်လို့ သိရပါတယ်။

မကြာမီကာလမှာ မျိုးဆက်သစ်တွေရဲ့အဆို၊ အက၊ အရေး၊ အတီးဆိုတဲ့ မြန်မာ့အနုသုခုမစွမ်းရည် တွေကို မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် ကျွန်မတို့ အကဲဖြတ် ရှုစားအားပေးကြရပါတော့မယ်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအဖို့ နိုင်ငံရေး၊ စီးပွားရေးတို့က အရေးကြီးသလို ယဉ်ကျေးမှုက လည်း အရေးကြီးတယ်မဟုတ်ပါလား။ အိန္ဒိယ ခေါင်းဆောင်ကြီးနေရူးက အာရှတောင်ပိုင်းမှာ အိန္ဒိယယဉ်ကျေးမှုတွေ ပြန့်ပွားခဲ့ပုံတွေကို အထူး နှစ်ထောင်းအားရမိကြောင်း သူရေးတဲ့ Discovery of India စာအုပ်မှာဖော်ပြခဲ့သလို ခေတ်အဆက် ဆက် ယဉ်ကျေးမှုအမွေအနှစ်တွေ ထွန်းကားခဲ့တဲ့ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့လည်း ကိုယ့်ရဲ့ မိရိုးဖလာ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်တွေကို မပြန့်ပွားရင်နေ၊ မတိမ်ကော၊ မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့တော့လိုတာပေါ့။ ။

မြန်မာ့အလင်း


# ရွှေကြာပင်ကျောက်မျက်နှင့် လက်ဝတ်ရတနာသက်မွေးမှုနည်းပညာ သင်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ လှူဒါန်းမှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက် ၁၀ နာရီက မဏိရတနာကျောက်စိမ်းခန်းမ အစည်းအဝေးခန်းတွင် ကျင်းပသည့် တရုတ်–မြန်မာ နှစ်နိုင်ငံ ကျောက်မျက်ရတနာနှင့် ကျောက်စိမ်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖျင်ကျိုးလက်ဝတ်ရတနာနှင့် ကျောက်စိမ်းအသင်း၊ ရန်ရန်ဟို နိုင်ငံတကာလက်ဝတ်ရတနာ ကုမ္ပဏီလီမိတက်တို့က နေပြည်တော်ရှိ ရွှေကြာပင်ကျောက်မျက်နှင့် လက်ဝတ်ရတနာသက်မွေးမှုနည်းပညာ သင်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်း ခြောက်မျိုး၊ အရေအတွက် ၆၈ ခု လှူဒါန်းမှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။



**တက်ရောက်**

အဆိုပါ အခမ်းအနားကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖျင်ကျိုးလက်ဝတ်ရတနာနှင့် ကျောက်စိမ်းအသင်း၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၊ ရွှေလီကျောက်မျက်နှင့် ကျောက်စိမ်းအသင်း၊ ရင်ကျန်းကျောက်မျက်နှင့် ကျောက်စိမ်းအသင်း၊ ကျဲယန်းကျောက်မျက်နှင့် ကျောက်စိမ်းအသင်း၊ ရန်ရန်ဟိုနိုင်ငံတကာလက်ဝတ်ရတနာ ကုမ္ပဏီလီမိတက်တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အုပ်ချုပ်မှုဒါရိုက်တာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ သင်ထောက်ကူပစ္စည်း လှူဒါန်းခြင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း ကျောက်မျက်ရတနာအချောထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေပါကြောင်း ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဆိုင်ရာ ကိစ္စရပ်များ၊ ကျောက်မျက်ရတနာအချောထည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။ (ဓါတ်ပုံ)

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည်သင်ထောက်ကူပစ္စည်းများ လှူဒါန်းခဲ့သည့် ဖျင်ကျိုးလက်ဝတ်ရတနာနှင့် ကျောက်စိမ်းအသင်းနှင့် ရန်ရန်ဟိုနိုင်ငံတကာလက်ဝတ်ရတနာ ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ *ကျောဖုံးမှ*

၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ သုံးလတိုင်တိုင် ကျင်းပလေ့ရှိပြီး မြန်မာ့တစ်ဆယ့်နှစ်လ ရာသီပွဲတော်များထဲတွင် ရက်ရှည်ကျင်းပသော ပွဲတော်တစ်ခုဖြစ်သည်။

ယခင်နှစ်များတွင် ပွဲတော်ကျင်းပသည့်အခါ အထက်စက်တော်ရာ၊ အောက်စက်တော်ရာ၊ ပါဒစေတီနှစ်ဆူသာ လူသိများပြီး ဖူးမြော်ကြကာ ယခုအခါ မင်းဘူးမြို့ပေါ်မှ တန်ခိုးကြီးစေတီပုထိုးများနှင့် အခြားအထင်ကရနေရာများလည်း အသစ်ပြန်လည်တည်ဆောက် ပြုပြင်နေပြီဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအနေဖြင့် မင်းဘူးဒေသရှိ အထင်ကရနေရာများကို စိတ်ကြည်လင် အေးချမ်းစွာ ကြည့်ရှု လေ့လာဖူးမြော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထက်**
**(မင်းဘူး)**

---

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၃၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၃ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၄၃၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❊ *ကျောဖုံးမှ*

ရေမိုင် ၅၀၅ မိုင်ခန့်၊ စစ်တွေမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၇၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်မြို့၏တောင်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်၊ ဒီဂါမြို့၏ တောင်–အနောက်တောင်ဘက်ရေမိုင်၃၇၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ တောင် – အနောက်တောင်ဘက် ရေမိုင် ၄၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၅ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆ ဒသမ ၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၉၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၆ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထို့နောက် မြောက်–အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ နောက် ၃၆ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်ပြီး အောက်တိုဘာ ၂၅ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်အတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

(၂၂.၁၀.၂၀၂၃) ရက် ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



---

❖ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် MICC –II ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ် မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV – HD Channel၊ MRTV News Channel၊ MRTV Farmers’ Channel၊ MRTV Parliament Channel၊ MITV၊ MWD–HD Channel၊ MWD Variety HD Channel နှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် Online တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီFM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက်(LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

**သတင်းစဉ်**

---

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ဂါဇာ၌ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး တူရကီယဲသမ္မတ အာဒိုဂန် ဟားမားစ်အကြီးအကဲနှင့် ဆွေးနွေး



**အစ္စတန်ဘူလ် အောက်တိုဘာ ၂၂**

တူရကီယဲသမ္မတ ရီဆက်ပ် တေယစ် အာဒိုဂန်သည် ဟားမားစ်နိုင်ငံရေး ဗျူရိုအကြီးအကဲ အစ္စမေးလ် ဟာနီရာ့ရှ်နှင့် ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက အောက်တိုဘာ ၂၂ ရက်တွင် ဖော်ပြသည်။

တူရကီယဲမှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဂါဇာကမ်းမြောင်သို့ ရောက်ရှိမှုအခြေအနေနှင့် ဒဏ်ရာရသူများကို မဖြစ်မနေလိုအပ်ပါက တူရကီယဲတွင် ကုသပေးနိုင်ရေး ကြိုးပမ်းနေသည်ဟု သမ္မတအာဒိုဂန်က ဟာနီရာ့ရှ်အား ပြောကြားခဲ့ကြောင်း အင်န်တီဗွီရုပ်မြင်သံကြားက တူရကီယဲသမ္မတရုံး၏ ပြောကြားချက်ကို ကိုးကား ဖော်ပြသည်။ အာဒိုဂန်က တူရကီယဲနိုင်ငံအနေဖြင့် ဒေသတွင်း အပစ်အခတ်ရပ်စဲရေးကို တတ်နိုင်သမျှ အမြန်ဆုံး ရရှိအောင် လုပ်ဆောင်နေကြောင်း ပြောကြားခဲ့ပြီး ပဋိပက္ခနှင့်ပတ်သက်၍ ၎င်းတို့၏ ရပ်တည်ချက်ကို ထပ်မံပြောကြားသည်။

အောက်တိုဘာ ၂၂ ရက်အထိ ဂါဇာကမ်းမြောင်ဒေသကို အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူ ၄၆၅၁ ဦးအထိ မြင့်တက်လာခဲ့ပြီး ကမ်းရိုးတန်းနယ်မြေအတွင်း ပါလက်စတိုင်း ၁၄၂၄၅ ဦး ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေးဘက်တွင်လည်း အောက်တိုဘာ ၇ ရက်က စတင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် အနည်းဆုံး လူ ၁၄၀၀ သေဆုံးခဲ့ပြီး နိုင်ငံခြားသားများ အပါအဝင် လူ ၂၁၀ မှာ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသည်။

ဆင်ဟွာ

# အီသီယိုးပီးယား၌ ကလေး ၇ ဒသမ ၆ သန်း ကျောင်းပြင်ပသို့ရောက်နေ

**အဒစ်အဘာဘာ အောက်တိုဘာ ၂၂**

အီသီယိုးပီးယားနိုင်ငံ၌ ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေသည့်ကလေး ၇ ဒသမ ၆ သန်းရှိသည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်) က ပြောသည်။ အောက်တိုဘာ ၂၀ ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် အီသီယိုးပီးယားနိုင်ငံ၌ စာသင်ကျောင်းပေါင်း ၈၅၅၂ ကျောင်းမှာ တစ်ပိုင်းတစ်စ သို့မဟုတ် လုံးလုံး ပျက်စီးလျက်ရှိသည်ဟု သိရသည်။ အဆိုပါအရေအတွက်မှာ နိုင်ငံအတွင်းစာသင် ကျောင်းအရေအတွက်၏ ၂၀ ရာခိုင်နှုန်းရှိသည်။ စာသင်ကျောင်းပြင်ပတွင် ကလေးများ ရောက်ရှိနေသည်မှာ ကာလရှည်ကြာ ကြာမြင့်လာပါက ပုံမှန်စာသင်ကြားမှုဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ခက်ခဲလာလိမ့်မည်ဟုလည်း သတိပေးထားသည်။

ဆင်ဟွာ





# ဟန်ကျိုး အာရှမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ဟန်ကျိုး အောက်တိုဘာ ၂၂**

တရုတ်နိုင်ငံ အရှေ့ပိုင်း ဇီကျန်းပြည်နယ် ဟန်ကျိုးမြို့၌ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် ညနေပိုင်းက ကျင်းပသည်။

ယခုအကြိမ်ကျင်းပသည့် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသည် တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဒုတိယအကြိမ်မြောက် ပြိုင်ပွဲဖြစ်ပြီး ပထမအကြိမ် အိမ်ရှင်အဖြစ် ၂၀၁၀ ပြည့်နှစ်တွင် ကွမ်ကျိုးမြို့၌ လက်ခံကျင်းပခဲ့သည်။ စတုတ္ထအကြိမ်မြောက် အာရှမသန်စွမ်း အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၂ မျိုးကို ပွဲစဉ်ပေါင်း ၅၆၄ ပွဲ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံက အားကစားနည်း ၂၂ မျိုးလုံးတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် နိုင်ငံနှင့် ဒေသပေါင်း ၄၄ ခုမှ အားကစားသမား ၃၁၀၀ နီးပါး ပါဝင်မည်ဖြစ်ပြီး ၎င်းတို့အနက် ဘီးတပ်ကုလားထိုင် အသုံးပြုသူ ၁၁၀၀ ခန့်နှင့် အမြင်အာရုံချို့တဲ့သည့် အားကစားသမား ၆၀၀ ခန့် ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အားကစားပွဲများတွင် နည်းပညာဆိုင်ရာ အရာရှိ ၁၅၅၀ ကျော်နှင့် မီဒီယာလုပ်သား ၃၀၉၀ ကျော်တို့ ပါဝင်မည်ဖြစ်ကာ ပြိုင်ပွဲဝင်အရေအတွက် အများဆုံးပြိုင်ပွဲတစ်ခုဖြစ်သည်။ အောက်တိုဘာ ၂၁ ရက်အထိ အဆိုပါပြိုင်ပွဲအတွက် လက်မှတ်ပေါင်း ၃၂၆၀၀၀ ကို ရောင်းချခဲ့မှုမှ ဝင်ငွေ ယွမ် ၇ ဒသမ ၄၇၆ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ သန်း) ရရှိခဲ့သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံမြို့တော်၌ လေထုညစ်ညမ်းမှု ဆက်လက်ဆိုးရွားနေ

**နယူးဒေလီ အောက်တိုဘာ ၂၂**

အိန္ဒိယနိုင်ငံမြို့တော် နယ်မြေဒေသ၌ အောက်တိုဘာ ၂၂ ရက်တွင် လေထုအရည်အသွေးမှာ ဆက်လက် ဆိုးရွားလျက်ရှိသည်ဟု အာဏာပိုင်များက ပြောသည်။ ဒေလီမြို့ လေထုအရည်အသွေး အညွှန်းကိန်းမှာ အောက်တိုဘာ ၂၂ ရက်တွင် ၃၀၂ အထိ စံချိန်တင်ရောက်ရှိနေကြောင်း လေထုအရည်အသွေးနှင့် မိုးလေဝသ ခန့်မှန်းမှု သုတေသန အင်စတီကျူက ပြောသည်။

လေထု အရည်အသွေးမှာ အလွန်နိမ့်ကျနေပြီး အသိသာဆုံး လေထုညစ်ညမ်းမှုမှာ ပီအမ် ၂ ဒသမ ၅ နှင့် ပီအမ် ၁၀ တို့ဖြစ်ကြသည်။ လေထုညစ်ညမ်းမှု ပီအမ် ၂ ဒသမ ၅ တွင် အလွန်သေးငယ်သည့်အမှုန်အမွှားများမှာ အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် အဆုတ်နှင့် သွေးကြောအတွင်းသို့ ဝင်ရောက်နိုင်ကြောင်းကျွမ်းကျင်သူများကပြောသည်။ လေထုအရည်အသွေးညံ့ဖျင်းပြီး ကာလရှည်ကြာညစ်ညမ်းသည့် လေထုကို ရှူရှိုက်မှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ ဖြစ်စေသည်ဟု ကျန်းမာရေး အရာရှိများက ပြောသည်။

ပြည်သူများ အပြင်ထွက်သည့်အခါ N-95 သို့မဟုတ် P-100 ပါးစပ် နှာခေါင်းစည်းများကို ဝတ်ဆင်ကြရန်လည်း အကြံပြုထားသည်။ ဒေလီမြို့သည် ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု အများဆုံးမြို့များထဲမှ တစ်မြို့ဖြစ်သည်။ စက်မှုလုပ်ငန်းများ၊ မော်တော်ကားများမှ ထွက်သည့် မီးခိုးများကြောင့် မြို့တော်တွင် လေထုညစ်ညမ်းမှုကို အဓိကဖြစ်စေသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ဆောင်းတွင်းသို့ စတင်ဝင်သည့်ကာလတွင် ဒေလီမြို့ လေထုအရည်အသွေးမှာ အန္တရာယ်ရှိသော အခြေအနေဖြစ်လာသည်။

ဆင်ဟွာ





# ပါကစ္စတန်မှ အာဖဂန်နစ္စတန် တောင်ပိုင်းသို့ နေရပ်ပြန်လာသည့်အာဖဂန်ဒုက္ခသည် ၁၂၀၀၀ ကျော်ရှိ

**ကဘူးလ် အောက်တိုဘာ ၂၂**

ပြီးခဲ့သည့်လများအတွင်း ပါကစ္စတန်မှ အာဖဂန်နစ္စတန် တောင်ပိုင်းသို့ နေရပ်ပြန်သည့် ဒုက္ခသည်ပေါင်း ၁၂၀၀၀ ကျော်ရှိသည်ဟု အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာပြည်နယ် ဒုက္ခသည်များ ပြန်လည်လက်ခံရေးဆိုင်ရာ ဌာနအကြီးအကဲဖြစ်သူ မိုမင်အက်ဂ်ဟာက ပြောသည်။ ပျမ်းမျှအားဖြင့် အပတ်စဉ် လူပေါင်း ၄၀၀၀ ကျော်သည် ကန်ဒါဟာပြည်နယ်နှင့် ပါကစ္စတန်နိုင်ငံ ဘလိုချစ်စတန်ပြည်နယ် နယ်စပ်ဂိတ်ကို ဖြတ်ကျော်ကာ နေရပ်ပြန်လာသည်ဟု အာဏာပိုင်များက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် အာဖဂန်ဒုက္ခသည်ပေါင်း ၂ ဒသမ ၅ သန်း ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်ဆယ်စုနှစ် လေးစုကာလအတွင်း နိုင်ငံခြား ကျူးကျော်မှုများနှင့် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာထွက်ပြေးကြခြင်းဖြစ်သည်။ ပြီးခဲ့သည့် နှစ်များအတွင်း အိမ်နီးချင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာသည့်ဒုက္ခသည်ပေါင်း နှစ်သိန်းကျော် ရှိသည်ဟု သိရသည်။

ဆင်ဟွာ

# ဆိုးရွားတဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာစေနိုင်တဲ့ အစ္စရေး - ပါလက်စတိုင်း ပဋိပက္ခ

• • • • • • • *နွယ်နီလင်း* • • • • • • •

**အစ္စရေး – ပါလက်စတိုင်း ပဋိပက္ခချဲ့ထွင်ခြင်းသည် ဆိုးရွားသောအကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်ကြောင်း ရုရှားနိုင်ငံက သတိပေးပြောကြားလိုက်သည်။ အစ္စရေး – ပါလက်စတိုင်း ပဋိပက္ခကိုချဲ့ထွင်ရန် ခြိမ်းခြောက်မှုရှိနေသေးပြီး ယင်းသည် ဒေသတစ်ခုလုံးအတွက် ဆိုးရွားသောအကျိုးဆက်များ ဖြစ်လာနိုင်သည်ဟု ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်၏ ပြောကြားချက်ကို ဒေသတွင်းမီဒီယာများက ဖော်ပြထားသည်။**

- **ဂါဇာစီးတီးအလယ်ပိုင်းရှိ အယ်လ်အလီဘက်ပတစ်ဆေးရုံ အောက်တိုဘာ ၁၇ ရက်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် လူ ရာနှင့်ချီ သေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့**
- **ဂါဇာကမ်းမြောင်ဒေသတွင် စားနပ်ရိက္ခာ၊ ရေနှင့် အရေးကြီးသော ကျန်းမာရေးဆေးဝါးများကဲ့သို့ မရှိမဖြစ်လိုအပ်သော အထောက်အပံ့များ လျော့နည်းလာကြောင်း ကုလသမဂ္ဂက ပြောကြား**
- **စစ်ပွဲဟာ အစ္စရေးစီးပွားရေးကို ပြင်းထန်စွာ ထိုးနှက်ချက်တစ်ခုဖြစ်ပြီး အကျပ်အတည်းကို ကျော်ဖြတ်နိုင်ဖို့ ခိုင်ခိုင်မာမာစည်းစည်းလုံးလုံးရှိဖို့ လိုအပ်**

"ပဋိပက္ခကို ချဲ့ထွင်ဖို့ ခြိမ်းခြောက်မှုတွေ ရှိနေဆဲပါ။ ဒါက ဒေသတစ်ခုလုံးအတွက် လုံးဝဆိုးရွားတဲ့ အကျိုးဆက်တွေနဲ့ ပြည့်နှက်နေနိုင်တယ်။ ပြီးတော့ ပိုမိုကြီးမားတဲ့ လူသားချင်းစာနာမှုဆိုင်ရာ ကပ်ဘေးတစ်ခုကို ရင်ဆိုင်ရတာနဲ့ အတူတူပါပဲ" ဟု ပက်စ်ကော့ဗ်က ပြောကြားသည်။

ထို့ကြောင့် ပြင်းထန်သည့် စစ်ပွဲများကို ရပ်တန့်ရန်နှင့် ကြိုးပမ်းမှုအသစ်များဖြင့် ဖြေရှင်းရေးလုပ်ငန်းစဉ်ကို စိတ်ကူးစိတ်သန်းဖြင့် ချဉ်းကပ်ရန် လိုအပ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

**ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည်အရေးကြီး**

"လွတ်လပ်တဲ့ ပါလက်စတိုင်းနိုင်ငံဖြစ်ဖို့၊ အစ္စရေးအတွက် လုံခြုံရေးအာမခံချက် ရှိဖို့လိုတယ်" ဟု ၎င်းက ပြောကြားပြီး နှစ်ဖက်စလုံး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည် ပိုမိုအရေးကြီးကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဂါဇာတွင် ဖြစ်ပွားနေသော စစ်ပွဲ ၁၅ ရက်မြောက်အတွင်း သေဆုံးသူ စုစုပေါင်း ၄၆၅၁ ဦးထက်မနည်း ရှိလာခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ အလားတူ အစ္စရေးဘက်တွင်လည်း သေဆုံးသူဦးရေမှာ ၁၄၀၀ ခန့်ရှိလာပြီး ၎င်းတို့အနက် အများစုမှာ အောက်တိုဘာ ၇ ရက်က အစ္စရေးနိုင်ငံ တောင်ပိုင်းရှိ ကျေးလက်ဒေသတွင် ဟားမားစ်အဖွဲ့၏ ရုတ်တရက် စီးနင်းတိုက်ခိုက်မှုအတွင်း သေဆုံးရသူများဖြစ်သည်။

**ကြီးမားသောစစ်ရာဇဝတ်မှု**

ဂါဇာစီးတီးအလယ်ပိုင်းရှိ အယ်လ်အလီဘက်ပတစ်ဆေးရုံ အောက်တိုဘာ ၁၇ ရက်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် လူ ရာနှင့်ချီ သေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက အဆိုပါ လေကြောင်းတိုက်ခိုက်မှုကို အစ္စရေးက လုပ်ဆောင်ခဲ့ကြောင်း ပြောဆိုခဲ့ပြီး တစ်ချိန်တည်း၌ပင် အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့သည် အစ္စရေးကို ပစ်မှတ်ထားသည့် "မအောင်မြင်သော ပစ်ခတ်မှု" အတွက် တာဝန်ရှိသည်ဟု အစ္စရေးစစ်ဘက်က တုံ့ပြန်ပြောကြားထားသည်။

အဆိုပါဆေးရုံသည် ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ဆေးရုံ ၂၀ အနက်မှ တစ်ခုဖြစ်ပြီး ထိုနေရာတွင် လူနာများ၊ ကျန်းမာရေးနှင့် စောင့်ရှောက်ပေးသူများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ခိုလှုံနေကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သေဘေးနှင့် ရင်ဆိုင်နေရ**

ဂါဇာကမ်းမြောင်ဒေသတွင် အကြမ်းဖျင်းအားဖြင့် လူဦးရေ ၂ သန်းခန့်ရှိပြီး အကျပ်အတည်းကြောင့် လူပေါင်းခြောက်သိန်းကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး အများစုမှာ သေဘေးနှင့် ရင်ဆိုင်နေရသည့်အတွက် ဘေးကင်းရန် ဆေးရုံများတွင် ခိုလှုံခဲ့ကြသည်။ ဂါဇာကမ်းမြောင်ဒေသတွင် စားနပ်ရိက္ခာ၊ ရေနှင့် အရေးကြီးသော ကျန်းမာရေးဆေးဝါးများကဲ့သို့ မရှိမဖြစ်လိုအပ်သော အထောက်အပံ့များ လျော့နည်းလာကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။ ဆေးရုံ ၃၅ ရုံအနက် လေးခုသည် သိသိသာသာ ပျက်စီးခြင်းနှင့် တိုက်ရိုက်ပစ်မှတ်ထားခံရခြင်းကြောင့် လည်ပတ်နိုင်ခြင်းမရှိတော့ပေ။

ရုရှား လုံခြုံရေးကောင်စီ၏ လက်ထောက်ဥက္ကဋ္ဌ ဒီမီထရီမက်ဗီဒက်ကမူ ဂါဇာကမ်းမြောင်ရှိ ဆေးရုံအား တိုက်ခိုက်မှုသည် အမေရိကန်ပြည်ထောင်စုတွင် တာဝန်ရှိသည့် "ကြီးမားသော" စစ်ရာဇဝတ်မှု ဖြစ်ကြောင်း ရှုတ်ချပြောဆိုလိုက်သည်။

"ဂါဇာကမ်းမြောင်ရှိ ဆေးရုံတစ်ရုံကို ပြင်းထန်စွာ လုပ်ကြံခြင်းသည် စစ်ရာဇဝတ်မှုတစ်ခုဖြစ်ကြောင်း သံသယဖြစ်ဖွယ်မရှိ" ဟု မက်ဗီဒက်က ၎င်း၏ လူမှုမီဒီယာချန်နယ်တွင် ရေးသားခဲ့သည်။

"ဒီလိုမျိုး မတူညီတဲ့နိုင်ငံတွေနဲ့ တိုက်ကြီးအသီးသီးရှိ စစ်ပွဲတွေကနေ အကျိုးအမြတ်တွေရအောင် လိမ်ညာလှည့်စားနေသူတွေရဲ့ တာဝန်ပါ။ အမေရိကန်တွေဟာ စစ်လက်နက်တွေအတွက် ငွေကြေးအမြောက်အမြား ထုတ်ပေးနေသူတွေ၊ စစ်လက်နက်ပစ္စည်းတွေကို ဖြန့်ဝေနေပြီး ရှုပ်ထွေးအောင် လုပ်ဆောင်နေသူတွေ၊ ဒီမိုကရေစီစံနှုန်းတွေကို ကာကွယ်ဖို့ဆိုပြီး ၎င်းတို့ရဲ့ ကမ္ဘာလုံးဆိုင်ရာ မစ်ရှင်တွေအကြောင်း လိမ်လည် ထုတ်လွှင့်နေသူတွေသာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောဆိုလိုက်သည်။

**အစ္စရေး အမျိုးသားအကျိုးစီးပွားထိခိုက်**

ထို့အတူ အစ္စရေး – ဟားမားစ် စစ်ပွဲကြောင့် ရက်သတ္တတစ်ပတ်အတွင်း အစ္စရေး၏ စီးပွားရေးထွက်ကုန်ကျဆင်းမှုကြောင့် ရှီကယ် ၄ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံခန့်) ဆုံးရှုံးခဲ့ပြီး အလုပ်သမားအများအပြား မရှိတော့ကြောင်း အစ္စရေး ကုန်ထုတ်လုပ်သူများအသင်း (အမ်အေအိုင်)က အောက်တိုဘာ ၁၇ ရက်တွင် ခန့်မှန်းချက်တစ်ရပ် ထုတ်ပြန်သည်။

အစ္စရေးနိုင်ငံ၏ လုပ်သားအင်အား၏ ၃၀ ရာခိုင်နှုန်းနီးပါး သို့မဟုတ် လူ ၁ ဒသမ ၃ သန်းခန့်သည် ပြီးခဲ့သည့်အပတ် တနင်္ဂနွေနေ့မှ ကြာသပတေးနေ့အထိ လုပ်ငန်းဆောင်တာများ ရပ်နားခဲ့ရကြောင်း အမ်အေအိုင်က ခန့်မှန်းထားသည်။ ၎င်းတို့အနက် အရန်တပ်သားများ၊ ကျောင်းများ ပိတ်ထားရသည့်အတွက် သားသမီးများကို ပြုစုစောင့်ရှောက်ပေးရသည့် မိဘများနှင့် လမ်းပိတ်ဆို့မှုကြောင့် လုပ်ငန်းခွင်များသို့ မရောက်ရှိနိုင်သူများလည်း ပါဝင်သည်။

အဆိုပါ ခန့်မှန်းချက်တွင် စစ်ပွဲအပြီးတွင် အကဲဖြတ်ရမည့် အခြားသောများပြားလှသည့် ဆုံးရှုံးမှုများ မပါဝင်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

"စစ်ပွဲဟာ အစ္စရေးစီးပွားရေးကို ပြင်းထန်သည့် ထိုးနှက်ချက်တစ်ခုဖြစ်ပြီး အကျပ်အတည်းကို ကျော်ဖြတ်နိုင်ဖို့ ခိုင်ခိုင်မာမာစည်းစည်းလုံးလုံးရှိဖို့ လိုအပ်ပါတယ်" ဟု အစ္စရေးကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ရွန်တိုမာက ပြောကြားသည်။

အစ္စရေးစစ်တပ်သည် အောက်တိုဘာ ၇ ရက်က ဟားမားစ်စစ်သွေးကြွများ၏ သောင်းကျန်းမှုအပြီး ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်း အစ္စလာမ့်စ်ခုခံရေးလှုပ်ရှားမှု (ဟားမားစ်) အဖွဲ့ကို ဆက်လက်တိုက်ခိုက်မှုပြုလုပ်ရန်အတွက် ပြင်ဆင်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား – ဆင်ဟွာ**



ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့၌ အောက်တိုဘာ ၁၇ ရက်က လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောအဆောက်အအုံအတွင်းမှ ဒဏ်ရာရရှိသူတစ်ဦးအား အမျိုးသားတစ်ဦးက သယ်ဆောင်လာစဉ်။

# ပထမဆုံးရုပ်ရှင်ရုံနှင့် နာမည်ကျော် ခြယ်ရာမင်လမ်း

မြင့်မောင်စိုး

**၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း တရုတ်သံရုံးကဖိတ်ကြားတဲ့ မီဒီယာခရီးစဉ်မှာ ပေကျင်းမြို့မှာရှိတဲ့ တရုတ်လူမျိုးတို့ရဲ့ ပထမဆုံးရုပ်ရှင်ရုံကိုလည်း မထင်မှတ်ဘဲ ကြည့်ရှုလေ့လာခွင့်ရလိုက်ပါသေးတယ်ဗျ။ ဒီရုပ်ရှင်ရုံက ဘယ်မှာလဲဆိုတော့ ပေကျင်းမြို့ရဲ့ ခြယ်ရာမင်လမ်း (Qianmen Street)မှာ ရှိတာပါ။ ခြယ်ရာမင်လမ်းကို မြို့တော်ပေကျင်းရဲ့ ဗဟိုဝင်ရိုးပေါ်မှာရှိတယ်လို့ ဆိုပါတယ်။ အရှည်အားဖြင့်တော့ ၈၄၅ မီတာရှိပြီး လမ်းအကျယ် မီတာ ၂၀ ရှိတယ်လို့ သိရပါတယ်။ ဒီလမ်းကို Zhengyangmen Street လမ်းလို့လည်း ဆိုကြပါသေးတယ်။ ဒီလမ်းကို ၁၉၆၅ ခုနှစ်မှစပြီး တရားဝင် ခြယ်ရာမင်လမ်းအဖြစ် သတ်မှတ်ခဲ့တယ်လို့ သိရပါတယ်။**

ခြယ်ရာမင်လမ်းက လေ့လာစရာ၊ စားစရာတွေစုံတော့ ခြေကျင်လျှောက်သွားတဲ့ ခရီးသွားတွေအတွက် နာမည်အကြီးဆုံးလမ်းတဲ့။ ဒီလမ်းက ညနေပိုင်း၊ ညပိုင်းဆို အလွန်စည်ကားတဲ့လမ်းကြီး။ တရုတ်မီးပုံးလေးတွေကို ရှေးဟောင်းအဆောက်အအုံတွေမှာ ချိတ်ဆွဲထားတာ ညဆိုတော့ ကြည့်လို့ကောင်းမှကောင်း။ လှမှလှ။ ကျွန်တော်တို့ဆီက သီတင်းကျွတ် မီးထွန်းပွဲလိုပေါ့။ လမ်းထဲမှာ ကား၊ ဆိုင်ကယ်ဆိုတာမရှိဘူး။ တရုတ်လူမျိုးတွေရဲ့ ရှေးအလွန်ကျတဲ့ခေါက်ဆွဲဆိုင်တွေ၊ လမုန့်ဆိုင်တွေ၊ ငွေပန်းထိမ်လုပ်ငန်းတွေ၊ ကြွေထည်မြေထည်လုပ်ငန်းတွေ၊ တိုင်းရင်းဆေး၊ ရှူးဖိနပ်စတဲ့ ဆိုင်တွေဆိုတာ အများကြီးပဲ။ လူတွေလူတွေဆိုတာ ကြိတ်ကြိတ်တိုးလို့။ ဝယ်ကြခြမ်းကြ စားကြသောက်ကြနဲ့ တကယ့် ပွဲလမ်းသဘင်ကြီးလိုပါပဲ။ ဟိုဘက်ဒီဘက် လမ်းထိပ်တွေမှာတော့ ရဲအစောင့်အကြပ်တွေ ရှိတယ်။

### ပထမဆုံးရုပ်ရှင်ရုံ

ခုနက ကျွန်တော်ပြောတဲ့ ပထမဆုံးရုပ်ရှင်ရုံကတော့ လမ်းထိပ်နားလေးမှာ ရှိတာဗျ။ ရုပ်ရှင်ရုံဆိုပေမယ့် အခုရုပ်ရှင်ပြတော့တယ်လို့ မထင်ပါဘူး။ အထဲမှာ ဈေးဆိုင်တွေရှိတယ်။ အဆောက်အအုံရဲ့ထိပ်မှာ တရုတ်လိုရော အင်္ဂလိပ်လိုပါ ရေးထားတယ်။ ပထမဆုံးရုပ်ရှင်ရုံဖြစ်တဲ့ အကြောင်းကို ရေးထားတာ။ ကျွန်တော်တို့လို ပြည်ပခရီးသွားတွေ လေ့လာနိုင်အောင်လို့နေမှာပေါ့။ ဒီအဆောက်အအုံကို Daguanlou Cinema လို့ ခေါ်ပါတယ်။ နောက်ဆုံး ကျင်မင်းဆက်လက်ထက်မှာ ဆောက်ခဲ့တဲ့ အဆောက်အအုံတဲ့။

တရုတ်လူမျိုးတွေက ဒီနေရာကို တရုတ်ရုပ်ရှင် စတင်မွေးဖွားရာနေရာလို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်ရုပ်ရှင်ဖခင်ကြီး Mr. Ren Qingtai က ၁၉၀၂ ခုနှစ်မှာ ဒီအဆောက်အအုံကို ဝယ်ယူပြီး သုံးနှစ်အကြာ တရုတ်နိုင်ငံရဲ့ ပထမဆုံး Dingjunshan ရုပ်ရှင်ကို ထုတ်လုပ်ပြသခဲ့တာလို့ ဆိုပါတယ်။ ဒါကြောင့် တရုတ်ရုပ်ရှင် စတင်မွေးဖွားရာ နေရာလို့ သတ်မှတ်ထားတယ်လို့ သိရပါတယ်။ တရုတ်နိုင်ငံရဲ့ ပထမဆုံးရုပ်ရှင်ရုံဆိုတာနဲ့ ကျွန်တော်တို့အဖွဲ့လည်း ရောက်တုန်းရောက်ခိုက်မို့ အမှတ်တရ စုပေါင်းဓာတ်ပုံလေး ရိုက်ကြတာပေါ့။ ဒီလိုနေရာမျိုးဆိုတာ ကိုယ်စရိတ်နဲ့ကိုယ် ရောက်ဖြစ်ဖို့ မလွယ်ဘူးမဟုတ်လား။ တရုတ်ရုပ်ရှင် ဖွံ့ဖြိုးလာမှုအတွက် ကမ္ဘာ့ဂင်းနက်စ်စာအုပ် မှတ်တမ်းဝင် အဆောက်အအုံလို့တောင် သတ်မှတ်ထားတာတဲ့။ ဘာပဲပြောပြော ခုလို အထင်ကရနေရာကို ရောက်ရ လေ့လာခွင့်ရတာ ကျေနပ်တယ်ဗျာ။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။



ပေကျင်းမြို့၏ နာမည်ကျော် ခြယ်ရာမင်လမ်းမကြီး။

> **"တရုတ်လူမျိုးတွေက ဒီနေရာကို တရုတ်ရုပ်ရှင် စတင်မွေးဖွားရာနေရာလို့ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်ရုပ်ရှင်ဖခင်ကြီး Mr. Ren Qingtai က ၁၉၀၂ ခုနှစ်မှာ ဒီအဆောက်အအုံကို ဝယ်ယူပြီး သုံးနှစ်အကြာ တရုတ်နိုင်ငံရဲ့ ပထမဆုံး Dingjunshan ရုပ်ရှင်ကို ထုတ်လုပ်ပြသခဲ့တာလို့ ဆိုပါတယ်။ ဒါကြောင့် တရုတ်ရုပ်ရှင် စတင်မွေးဖွားရာနေရာလို့ သတ်မှတ်ထားတယ်လို့ သိရပါတယ်"**

### ရှေးအကျဆုံး ရှူးဖိနပ်ဆိုင်

အဲဒီနေရာကနေ လမ်းထဲ ဆက်လျှောက်လိုက်တော့ တရုတ်လူမျိုးတွေရဲ့ ရှေးအကျဆုံး ရှူးဖိနပ်ဆိုင်ကို တွေ့ရတယ်။ တရုတ်ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ မော်စီတုန်း၊ တိန့်ရှောင်ဖိန်၊ ချူအင်လိုင်းတို့စီးခဲ့တဲ့ ရှူးဖိနပ်တွေကို ပုံတွေနဲ့တကွ ပြသထားတာဗျာ။ ပြောရမယ်ဆိုရင် တရုတ်လူမျိုးတွေရဲ့ ရှူးဖိနပ်ပြတိုက်ပါပဲ။ သက်တမ်းအားဖြင့် နှစ် ၂၀၀ ကျော်ရှိပြီလို့ သိရပါတယ်။ ထုတ်ကုန်တစ်ခုကို နှစ် ၂၀၀ တိုင်အောင် ထိန်းထားနိုင်တာကိုက အတော်လေးစားဖို့ကောင်းနေပါပြီ။ အရည်အသွေးကောင်းလို့နေမှာပေါ့ဗျာ။ အဲဒါကြောင့် ဘာထုတ်ကုန်ပစ္စည်းထုတ်ထုတ် အရည်အသွေးက အရေးကြီးတယ်လို့ ဆိုကြတာပေါ့။

### ရှေးအကျဆုံး ငွေပန်းထိမ်လုပ်ငန်း

တရုတ်လူမျိုးတွေရဲ့ ရှေးအကျဆုံး ငွေပန်းထိမ်လုပ်ငန်းကိုလည်း ဒီလမ်းထဲမှာ တွေ့ရတယ်ဗျာ။ ပန်းထိမ်လုပ်နေတာရော လုပ်ပြီးသားငွေထည်ပစ္စည်းတွေ ရောင်းချနေတာပါ တွေ့ရတယ်။ ငွေထည်လက်ကောက်တွေ၊ ဆွဲကြိုး၊ ဆွဲသီး သေးသေးနုပ်နုပ်လေးတွေကအစ စုံနေတာပဲ။ ဆိုင်းဘုတ်မှာတော့ ၁၈၄၄ ခုနှစ်ကတည်းကတဲ့။ တွက်ကြည့်တော့ ၁၂၉ နှစ်တောင် ရှိပြီကိုး။ ဒါလည်းပဲ ဂုဏ်ယူစရာကောင်းတယ်ဗျာ။ ကောင်းမွန်တဲ့ အမှတ်တံဆိပ်တစ်ခုကို သားစဉ်မြေးဆက် ဆက်ထိန်းလာတဲ့သဘောပဲ။ နှစ်ပေါင်းရာချီပြီး တည်တံ့အောင်လုပ်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့် ဘာပစ္စည်းထုတ်ထုတ် ကောင်းအောင်ထုတ်ဖို့လိုတယ်ဆိုတာ သင်ခန်းစာယူစရာပါပဲ။

### တရုတ်လမုန့်ဆိုင်ကြီး

ပြီးတော့ Chui Tang Bang လို့ခေါ်တဲ့ တရုတ်လမုန့်ဆိုင်ကြီးလည်း ရှိတယ်။ ၁၉၂၈ ခုနှစ်ကတည်းက ထုတ်လုပ်ရောင်းချနေတာတဲ့။ တွက်ကြည့်တော့ ၉၅ နှစ်တောင်ရှိပြီ။ ဆိုင်ရှေ့အဝင်ဝမှာ တရုတ်အဘွားအိုတစ်ဦးက မုန့်ကြိတ်နေပုံကို စက်ရုပ်လုပ်ပြီး ကြိတ်ပြနေတာ တွေ့ရတယ်။ စိတ်ဝင်စားစရာကောင်းပါတယ်။ လမုန့်တွေဆိုတာကလည်း အတော်ကောင်းမယ့်ပုံပဲ။ လူတွေတိုးပြီး ဝယ်နေကြတာ မနည်းပါဘူး။ ဒါကြောင့်လည်း တရုတ်လမုန့်က နာမည်ကြီးတာကိုး။ သူတို့ဆီမှာ လမုန့်ပွဲတော်လို့တောင် ရှိသေး။

တရုတ်ခေါက်ဆွဲဆိုင် တစ်ဆိုင်ဖြစ်တဲ့ Zha jiang Mian ကတော့ ၁၈၅၆ ခုနှစ်ကတည်းက ထုတ်လုပ်ရောင်းချနေတာဆိုပဲ။ ခေါက်ဆွဲလုပ်နေတဲ့ပုံကို စက်ရုပ်နဲ့ လုပ်ပြနေတာ။ တရုတ်တွေက ခေါက်ဆွဲကြိုက်တယ်။ ရှေးကတည်းက ခေါက်ဆွဲစားတဲ့လူမျိုးဆိုတာ သိသာထင်ရှားပါတယ်။ ခေါက်ဆွဲကို အရသာရှိရှိ လုပ်စားတတ်ကြတာပါ။ အခုလည်း ခေါက်ဆွဲကို ဂျုံကနေ အစအဆုံး လုပ်ပြနေတာပါ။ တော်တော်အရသာရှိမယ့်ပုံပဲ။ ပြောရင်းဆိုရင်း ခေါက်ဆွဲတောင်စားချင်ပြီ။ အခု ဒီလမ်းထဲမှာ စားစရာတွေ၊ ကြည့်စရာတွေကတော့ အများကြီးပါပဲ။ ထုတ်ကုန်တွေကတော့ တော်တော်ရှေးကျတဲ့ထုတ်ကုန်တွေပါ။ အရည်အသွေးကောင်းကောင်း ထုတ်လုပ်တော့ Brand တွေက တာရှည်ခံတယ်။ လူကြိုက်များတယ်။ ဈေးကွက်ကို ဆွဲဆန့်နိုင်တယ်ဆိုတဲ့ အသိလေးတွေတော့ ရပါတယ်။

### ပြည်ပကလာတဲ့သူတွေကို ဖိတ်ခေါ်ပြနိုင်တဲ့နေရာတစ်ခု

ပြီးတော့ ခုလိုရှေးဟောင်းထုတ်ကုန်တွေကို တစ်နေရာတည်းမှာ လေ့လာနိုင်တယ်၊ ကြည့်ရှုနိုင်တယ်ဆိုတာကိုက Tourism Site ဖြစ်နေပြီ။ ပြည်ပကလာတဲ့သူတွေကို ဖိတ်ခေါ်ပြနိုင်တဲ့နေရာတစ်ခု ဖြစ်လာပါတယ်။ သူတို့ရဲ့ လုပ်ပုံကိုင်ပုံတွေဟာ အတုယူအားကျစရာကောင်းတယ်။ တရုတ်နိုင်ငံ ပေကျင်းမြို့မှာရှိတဲ့ ဒီ Qianmen လမ်းကို လေ့လာခွင့်ရတဲ့ အကျိုးကျေးဇူးကတော့ ရှေးဟောင်းအမွေအနှစ်တွေကို သေသေချာချာ ထိန်းသိမ်းသင့်တယ်။ အစားအသောက်ပဲဖြစ်ဖြစ်၊ အဝတ်အထည်ပဲဖြစ်ဖြစ် အရည်အသွေးကောင်းကောင်း ထုတ်လုပ်ပြီး ဈေးကွက်တစ်ခုခိုင်မာအောင် အရှည်ထိန်းသိမ်းသင့်တယ်ဆိုတဲ့ အတွေးအခေါ် အယူအဆတွေရပါတယ်။ ထုတ်ကုန်ပစ္စည်းတစ်ခုကို ဈေးကွက်ထိုးဖောက်အောင်မြင်ပြီးသွားပြီဆိုရင် ဒီထုတ်ကုန်ရဲ့အရည်အသွေးကို ကျဆင်းမသွားအောင် သားစဉ်မြေးဆက်ထိန်းသိမ်းသွားဖို့လိုတယ်ဆိုတဲ့အယူအဆလေးတွေ ရရှိပါတယ်။

ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာရော ဒီလိုလုပ်လို့မရဘူးလားဆိုတဲ့ အတွေးက ရောက်လာပြန်ရောဗျာ။ ဒါကတော့ ကျွန်တော်တို့လို စာနယ်သမားတွေ နိုင်ငံခြားရောက်ရင် ဖြစ်တတ်တဲ့စိတ်။ သူတို့အောင်မြင်သလို ကျွန်တော်တို့လည်း အောင်မြင်ချင်တယ်။ သူတို့တိုးတက်သလို ကျွန်တော်တို့လည်း တိုးတက်ချင်တယ် ဆိုတဲ့စိတ်က ဖြစ်တတ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြင်သမျှ၊ သိသမျှ၊ ကြားသမျှလေးတွေ ပြန်လည်ဖောက်သည်ချရလို့ ကျေနပ်ပါတယ်ဗျာ။ ။



သက်တမ်း နှစ် ၂၀၀ ကျော်ရှိ ရှူးဖိနပ်ဆိုင်မှ နိုင်ငံခေါင်းဆောင်များ၏ ဓာတ်ပုံများ။





ပထမဆုံးရုပ်ရှင်ရုံရှေ့တွင် မီဒီယာသမားများ အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။

# ပြင်ဘုကြီး(၂) ဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တော ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ် အဝန်း (၁,၄၂၄) ဧက ရှိသောနယ်မြေကို **"ပြင်ဘုကြီး(၂) ဒီရေတော ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၂၃) အရ ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက် (၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများ အတွက် သား၊ ငါး၊ ပုစွန် စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှုပိုမို ကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတော ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ပြင်ဘုကြီး(၂) ဒီရေတောကြိုးပြင် ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဓိကဒီရေတောသစ်မျိုးများဖြစ်သော ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ ဗြူးရွှေဝါ၊ သမဲ့ကြီး၊ ကျနု၊ ပင်လယ်အုန်း စသည့် အဖိုးတန်သစ်မျိုးများနှင့် လမု၊ လဘ၊ သမဲ့ဖြူနှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ အင်းကျား၊ ကျားပြောက်၊ တောကြောင်၊ မျောက်တံငါ၊ ဖွတ်၊ ဖျံ၊ မြွေ စသည့်တိရစ္ဆာန်များနှင့် သစ်တောက်ငှက်၊ သိမ်း၊ စင်ရော်၊ ကြက်တူရွေး၊ ပျံလွှား၊ ဒီးဒုတ် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ပုစွန်များ စသည့်ရေနေသတ္တဝါ များ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ် ပိုမိုကောင်းမွန်လာ စေခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်၌ အယ်လ်နီညို ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်ပြီး အယ်လ်နီညို ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်နှင့်ပတ်သက်၍ ငါးမွေးမြူရေးလုပ်ငန်းအပေါ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြော ပွဲကို အောက်တိုဘာ ၂၀ ရက်က လှည်းကူးမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန် ၁ ရှိ စိုက်ပျိုး ရေးရုံး၌ ကျင်းပသည်။



အသိပညာပေးဟောပြောပွဲတွင် ရန်ကုန်တိုင်း ဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်က အမှာစကား ပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန လှော်ကားငါးလုပ်ငန်းစခန်း တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေး အေးမော်၊ လေးထောင့်ကန် ငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်သင်းသင်းခိုင်နှင့် အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ခံ ဒေါ်စန္ဒာငွေးတို့က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုနှင့် အပူချိန် အမြင့်မားဆုံးကာလ များဖြစ်သည့် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ဖြစ်ပေါ်လာနိုင်သည့် ငါးမွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်ကြသည့် ဒေသခံပြည်သူများ ကြုံတွေ့ ရမည့် အခြေအနေကို ကြိုတင်ပြင်ဆင်ထားရှိရန်၊ အယ်လ်နီညို ဖြစ်ပွားချိန်တွင် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင် စီမံထားရမည့် အကြောင်းအရာများကို မွေးမြူရေး လုပ်ငန်းရှင်များနှင့် ရေလုပ်သားများအား အသိပညာ ပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့သည်။ အဆိုပါ အသိပညာ ပေးဟောပြောပွဲကို ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး ဇုန် ၁၊ ၂၊ ၃ တို့မှ မွေးမြူရေး လုပ်ငန်းရှင် စုစုပေါင်း ၃၀ တက်ရောက်ကြောင်း သိရသည်။

အလားတူ အယ်လ်နီညို ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲများကို အောက်တိုဘာလ အတွင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် တွံတီး ကျေးရွာ၌ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးသော်ထွန်းဦးကလည်းကောင်း၊ ကရင် ပြည်နယ် ဘားအံမြို့နယ် ရွှေတောကျေးရွာနှင့် ငါးလုပ်ငန်းစခန်းတို့တွင် ကရင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူး ဒေါက်တာမျိုးမင်း လှိုင် ဦးစီး၍လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းရည်စိုးကလည်းကောင်း **(အပေါ် ဝဲပုံ)** ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# Junior Golf Myanmar (JGM) (၁၀) နှစ်ပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ်နှင့် Junior Golf Myanmar (JGM) တို့ပူးပေါင်း၍ Junior Golf Myanmar (JGM) ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ် မျိုးဆက်သစ်လူငယ် ဂေါက်သီး ရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့် ပွဲကို အောက်တိုဘာ ၂၂ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) ၌ ဆက်လက် ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့် ပွဲအခမ်းအနားကျင်းပရာ မြန်မာ နိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ ချုပ်မှ ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက် အမှာစကားပြော ကြားသည်။ ယင်းနောက် ဆုများ ချီးမြှင့်ရာ အောက်တိုဘာ ၁၅ ရက် ရန်ကုန်ဂေါက်ကွင်း (တညင်း ကုန်း) ကျင်းနံပါတ် (၁၁) တွင် Hole In One ရရှိခဲ့သော ဆုနှင်း ဖြူအား Junior Golf Myanmar အဖွဲ့ဝင် ဒေါ်လွင်လွင်အောင်က ဆုချီးမြှင့်သည်။



မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး အား ပြိုင်ပွဲ ကျင်းပရေးတာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ် နာယက ဗိုလ်ချုပ် ဇာနည်ဝင်း (ငြိမ်း) က အသက် ၁၂ အောက် အမျိုးသားပြိုင်ပွဲတွင် ကြိုးစား ယှဉ်ပြိုင်ခဲ့သော ကြယ်မင်းဉာဏ နှင့် ငွေဘုန်းသိခ် တို့ကို လည်း ကောင်း၊ ပဋ္ဌမဆုရရှိသော နိုင်ဦး ကို၊ စတုတ္ထဆုရရှိသော ရဲမင်းသန့်၊ တတိယဆုရရှိသော Choi Hwan၊ စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် ဒုတိယဆုရရှိသော ဇာနည်ထွန်း ဝင်း၊ စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် ပထမဆုရရှိသော အောင်သန်းထွဋ်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် Professional ကစားသမား ယဉ်မေမျိုးက အသက် ၁၈ နှစ် အောက် အမျိုးသမီးပြိုင်ပွဲတွင် ပဋ္ဌမဆုရရှိသော အေးစုအောင်၊ စတုတ္ထဆုရရှိသော ဆုနှင်းဖြူ၊ တတိယဆုရရှိသော ဆုလာဘ် အောင်၊ စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် ဒုတိယဆုရရှိသော ချိုသာအောင်၊ စုစုပေါင်းရိုက်ချက် ၁၅၇ ချက်ဖြင့် ပထမဆုရရှိသော မိုးပြည့်စုံခင်တို့ကို ဆုများပေးအပ် ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က အသက် ၁၄ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ပဋ္ဌမဆု ရရှိသော ကောင်းမြတ်ဟိန်း၊ စတုတ္ထဆုရရှိသော ခန့်ဘုန်းလျှံ၊ တတိယဆုရရှိသော ဘုန်းသစ်တိုး၊ စုစုပေါင်းရိုက်ချက် ၁၇၅ ချက်ဖြင့် ဒုတိယဆုရရှိသော လုံမျိုးစံ၊ စုစုပေါင်းရိုက်ချက် ၁၇၁ချက်ဖြင့် ပထမဆုရရှိသော ကောင်းဆက် ဝန်းတို့ကို ဆုများ ပေးအပ်ချီးမြှင့် သည်။ ဆက်လက်၍ Professional ကစားသမား ဟိန်းစည်သူက အသက် ၁၈ နှစ်အောက် အမျိုး သားပြိုင်ပွဲတွင် ပဋ္ဌမဆုရရှိသော မြတ်မင်းခန့်၊ စတုတ္ထဆုရရှိသော ကောင်းထက်၊တတိယဆုရရှိသော အောင်ဗိုလ်ကောင်းသန့်၊ စုစုပေါင်း ရိုက်ချက် ၁၅၆ ချက်ဖြင့် ဒုတိယ ဆုရရှိသော အောင်မင်းခန့်၊ စုစုပေါင်းရိုက်ချက် ၁၅၀ ဖြင့် ပထမဆုရရှိသော ဟိန်းနိုင်ဇင် တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Junior Golf Myanmar (JGM) ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက် ပြိုင်ပွဲကို ပံ့ပိုးကူညီပေးကြသူ များအား မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် တွဲဖက် အထွေထွေ အတွင်းရေးမှူးများ ဖြစ်သည့် ဦးအောင်မြင့်ဦးနှင့် ဒေါက်တာမြင့်ဦး၊ Junior Golf Myanmar ဥက္ကဋ္ဌ ဦးမြင့်အောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကိုကိုချစ်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးလှမြင့်ရွှေတို့က ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်သည်။

Junior Golf Myanmar (JGM) (၁၀) နှစ်ပြည့်အထိမ်းအမှတ် မျိုးဆက်သစ်လူငယ် ဂေါက်သီး ရိုက်ပြိုင်ပွဲကို အောက်တိုဘာလ ၂၁၊ ၂၂ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်း ကုန်း) ၌ နှစ်ရက်ကြာ ကျင်းပခဲ့ ခြင်းဖြစ်သည်။ **ကိုညီလေး**

**ဓာတ်ပုံ – MGF**

## ငမိုးရိပ်ရေထိန်းတံခါးနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်



**ရန်ကုန် အောက်တိုဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ငမိုးရိပ်ရေထိန်းတံခါးတွင် ချောင်းအတွင်းမှ နုန်းများကို နုန်းစုပ်စက်ဖြင့် စုပ်တင်နေမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက အောက်တိုဘာ ၂၁ ရက်က ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်အား တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ယခင်ရက်များက မိုးအဆက်မပြတ် ဆက်တိုက်ရွာသွန်းမှုကြောင့် ဆည်များ၏ရေပိုလွှဲမှ စီးဆင်းလာသောရေများနှင့် တမံအောက်ပိုင်းဒေသမှ မိုးရေ ရေများပေါင်းစည်း၍ ငမိုးရိပ်ချောင်းအတွင်း စီးဆင်းရာ ငမိုးရိပ်ချောင်းမှ မြစ်ဝသို့ မြစ်ဝမှ ပင်လယ်အတွင်း စီးဆင်းမှုကို ကောင်းစေရန် ယခုလိုဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဘဲတန်းချောင်း တစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စက်ယန္တရားကြီးများဖြင့် နုန်းတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ပခုက္ကူခရိုင်နှင့်မြို့နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ပခုက္ကူ အောက်တိုဘာ ၂၂**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် မြို့နယ်အတွင်း၌ ဌာနဆိုင်ရာများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် ပို့ဆောင်ရေးလုပ်ငန်းရှင်များ ပါဝင်သည့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပွဲကို အောက်တိုဘာ ၂၀ ရက်က ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဲရော(၂)ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က မိမိခရိုင်နှင့် မြို့နယ်အတွင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာကျရောက်လည်ပတ်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ မိမိဒေသတွင် ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားသည့် အထင်ကရ ခရီးစဉ်ဒေသဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် နယ်နိမိတ်နီးစပ်သောကြောင့် ခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံမှုရှိပြီး စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လည်ပတ်သွားလာနိုင်ရေးနှင့် ဒေသတွင်းရှိတိုင်းရင်းသားရိုးရာယဉ် ကျေးမှုဓလေ့ထုံးစံများ၊ အပန်းဖြေလည်ပတ်နိုင်သော ခရီးစဉ်သစ်များ ဖော်ဆောင်ပေးနိုင်ရေး စသည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရေးတို့အတွက် ကော်မတီဝင်ဌာနဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းရှင်များ၊ မြို့မိ၊ မြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် တက်ရောက်လာသည့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးလုပ်ငန်းကိုယ်စားလှယ်များ၊ ဧည့်လမ်းညွှန်ကိုယ်စားလှယ်များ၊ ဟိုတယ်/မိုတယ်၊ တည်းခိုခန်းကိုယ်စားလှယ်များ၊ စားသောက်ဆိုင်လုပ်ငန်းကိုယ်စားလှယ်များ၊ မြို့မိ၊ မြို့ဖနှင့် လူမှုရေးအဖွဲ့အစည်းများက ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာနေရာသစ်များ ဖော်ဆောင်နိုင်သည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## မိုင်းဆတ်မြို့၌ စက်ချုပ်လုပ်ငန်းထူထောင်မည့် သင်တန်းသူ ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့

**မိုင်းဆတ် အောက်တိုဘာ ၂၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းဖြင့် စက်ချုပ်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသူများအား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လုပ်ငန်းသုံးပစ္စည်းများကို အောက်တိုဘာ ၂၁ ရက်တွင် ကာနစ်ပြကျေးရွာ ခန်းမဆောင်၌ ထောက်ပံ့ပေးအပ်သည်။

လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရာတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးနိုင်ထူးက အမှာစကားပြောကြားပြီး စက်ချုပ်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသူ ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသော ဘီတင်စက်၊ ခေါက်စက်၊ အပ်ချုပ်စက်၊ မီးပူ၊ Extension ကြိုး၊ ရောင်စုံအပ်ချည်လုံးနှင့် ထုပ်ကြယ်သီးစက်တို့ကို ပြည်နယ်ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအားလွန်၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးကျော်ဝင်းနှင့် ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးဖြိုးမောင်မောင်တို့က သင်တန်းသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**



## အယ်လ်နီညိုရာသီဥတုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ အသိပညာပေး

**ပွင့်ဖြူ အောက်တိုဘာ ၂၂**
အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက မြို့နယ်အတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ရေလုပ်သားများအား အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၀ ရက်က ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းက အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရန် လုပ်ဆောင်ရမည့်အချက်များ၊ ဖြစ်ပွားချိန်တွင် လျင်မြန်စွာဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အကူအညီရယူဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေး ဟောပြောပြီး တက်ရောက်လာသည့် ငါးမွေးတောင်သူများနှင့် ရေလုပ်သားများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသတွင်းရှိ ငါးမွေးတောင်သူများနှင့် ရေလုပ်သားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြစ်မိးရောင်စီမံကိန်း အရင်းမပျောက် မွေးမြူရေးရန်ပုံငွေများ ထုတ်ချေး၍ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်စေခြင်း၊ မြို့နယ်ငါးလုပ်ငန်းစခန်းမှ မျိုးကောင်းမျိုးသန့် ရွှေဝါငါးကြင်း၊ ငါးခုံးမ၊ ငါးမြစ်ချင်း စသည့် ငါးမျိုးစိတ်များကို မွေးမြူထုတ်လုပ်၍ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းအပြင် ငါးမွေးမြူရေးလုပ်ငန်းများ စနစ်တကျ မွေးမြူလုပ်ကိုင်တတ်စေရန်အတွက် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ်(GAqP) နည်းပညာသင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှူးထံမှ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## တစ်ဖက်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ရန် စုဆောင်းထားသော နွားများ ဖမ်းဆီးရမိ

**မအီ အောက်တိုဘာ ၂၂**
ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့နှင့် ၁၂ မိုင်ခန့်အကွာရှိ လက်ပံကျေးရွာအုပ်စု၊ ဆံထုံးကျေးရွာတွင် တစ်ဖက်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ရန် နွားများစုဆောင်းထားကြောင်း သတင်းရရှိသဖြင့် နယ်မြေခံတပ်ရင်းမှ ဒုတပ်ရင်းမှူး အောင်လင်းအောင်နှင့် တပ်မတော်သားများ၊ မအီနယ်မြေရဲစခန်းမှ ဒုရဲအုပ်မျိုးဇင်ယုနှင့် တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၁၈ ရက်တွင် သွားရောက်စစ်ဆေးရာ နွားထီး ၆၂ကောင်ကို စုဆောင်းထားရှိသည်ကို တွေ့ရှိရပြီး ယင်းနေရာအနီးတွင် လူတစ်ဦးတစ်ယောက်မှ တွေ့ရှိခြင်းမရှိသဖြင့် ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းကာ မကျန်းမာသည့် နွားရှစ်ကောင်ကို ယင်းနေရာတွင် တိရစ္ဆာန်ဆေးကုဆရာဝန်ဖြင့် ဆေးဝါးကုသပေးထားပြီး ကျန် ၅၄ ကောင်ကို မအီနယ်မြေရဲစခန်းတွင် ထိန်းသိမ်းထားရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နွားများ တရားမဝင်ပြည်ပပို့ဆောင်ရန် စုဆောင်းထားသူ(စုံစမ်းဆဲ)အား မအီနယ်မြေရဲစခန်း၌ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

## ဖားကန့်မြို့နယ် ဆန်ခါကျေးရွာရှိ ကုမ္ပဏီတစ်ခုတွင် မြေစာပိကျ၍ ရေမဆေးသမားတစ်ဦး ဒဏ်ရာရရှိ

**ဖားကန့် အောက်တိုဘာ ၂၂**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာအနီးရှိ တောက်ပကြယ်ကုမ္ပဏီ လုပ်ကွက်ကျင်းဟောင်းတွင် အောက်တိုဘာလ ၂၀ ရက် မွန်းလွဲပိုင်းက မြေစာပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

မြေစာပုံပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေနေသည့် လုံးခင်းကျေးရွာအုပ်စု ကထန်ကျေးရွာနေ ကိုမာယော် (၂၁ နှစ်) ၏ ဦးခေါင်းတွင် ပေါက်ပြဲဒဏ်ရာ တစ်ချက် (မစိုးရိမ်ရ) ရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူအား မြင့်မြတ်သူလူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် ဖားကန့်မြို့ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ကာ ဆေးဝါးကုသပေးထား ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ရှိ သွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် (စွန့်ဦးတီထွင်) လုပ်ငန်း

— — — သတင်းဆောင်းပါး/ဓာတ်ပုံ - ဖြိုးလေး၊ ငုရွှေဝါ — — —

**နိုင်ငံတော်အနေဖြင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ၏ ကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် အားပေးဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံ၍ MSMEလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုများ ဒေသအသီးသီးတွင် ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်။**



လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေသည့် လူငယ်လုပ်ငန်းရှင် မနန်ဆိုင်း။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်တွင် မှတ်ပုံတင်ထားသည့် အသေးစားလုပ်ငန်း ၇၀၄ ခုရှိပြီး စွန့်ဦးတီထွင်လုပ်ငန်း လေးခုပါဝင်ကြောင်း ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။ မြစ်ကြီးနားမြို့ရှိ Jamila's အမည်ဖြင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းလည်း အပါအဝင်ဖြစ်သည်။ အဆိုပါလုပ်ငန်းသည် သက်ဆိုင်ရာ၏ ကြီးကြပ်ကူညီမှုဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိသည်။

### တစ်ပိုင်တစ်နိုင်လုပ်ငန်းမှသည် အသေးစားစက်မှုလုပ်ငန်းဆီသို့

အဆိုပါ Jamila' s လုပ်ငန်းအနေဖြင့် မျက်နှာသစ်ဆပ်ပြာ၊ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်နှင့် ရေမွှေးတို့ကို ထုတ်လုပ်လျက်ရှိသည်။ လူသုံးကုန်ပစ္စည်းများ စတင်ထုတ်လုပ်ခဲ့မှုနှင့် ပတ်သက်၍ လုပ်ငန်းလုပ်ကိုင်သူ မနန်ဆိုင်းသည် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် လဘန်ကျေးရွာတွင် နေထိုင်သူဖြစ်ပြီး စင်ကာပူနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ခဲ့စဉ် အလုပ်တစ်ဖက်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းကို တက်ရောက်သင်ကြားခဲ့သည်။ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့်အခါ မိသားစုဝင်ငွေအတွက် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှသည် အသေးစားစက်မှုလုပ်ငန်းဆီသို့ ရည်ရွယ်ဦးတည် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မနန်ဆိုင်းက ရှင်းပြသည်။

ယင်းလုပ်ငန်းမှ ထုတ်လုပ်သည့် မျက်နှာသစ်ဆပ်ပြာကို နနွင်း၊ စပါးလင်အဆီ၊ ပူဒီနာအရွက်၊ ဝါးမီးသွေး စသည်တို့ဖြင့် ပေါင်းစပ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် သဘာဝဆေးဖက်ဝင်အပင်များဖြင့် ထုတ်လုပ်သည့်အတွက် ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ အထူးသဖြင့် ခန္ဓာကိုယ်ရှိ အရေပြားတွင် ယားယံခြင်းနှင့် အနာရောဂါများကို ပျောက်ကင်းသက်သာနိုင်ကြောင်း၊ မျက်နှာနှင့် အသားအရေ သန့်ရှင်းကောင်းမွန်ရန် အထောက်အကူ ဖြစ်စေကြောင်းလည်း ဆက်လက်ပြောပြသည်။

> ❑ **ကချင်ပြည်နယ်အတွင်းမှ စိုက်ပျိုးထွက်ရှိသော သဘာဝဆေးဖက်ဝင်အပင်ဖြစ်သည့် နနွင်းကို အိမ်တွင်ကိုယ်တိုင် အမှုန့်ပြုလုပ်၍ ဆပ်ပြာထုတ်လုပ်ခြင်းဖြင့် ဒေသတွင်းရှိ စိုက်ပျိုးတောင်သူများ ဝင်ငွေတိုးပွား အဆင်ပြေနိုင်သည့်အပြင် ကျန်းမာရေးအတွက် သင့်လျော်သည့် ထုတ်ကုန်ဖြစ်သည့်အတွက် ပိုမိုဆောင်ရွက်နိုင်ရန် ကြိုးစားလျက်ရှိ**

### လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်လုပ်ကိုင်နေ

လုပ်ငန်းများ စနစ်တကျ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေး ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများအတွက် မှတ်ပုံတင် ဆောင်ရွက်လျက်ရှိရာ ကြီးကြပ်ကူညီဆောင်ရွက်ပေးနေသည့် သက်ဆိုင်ရာဌာနနှင့် တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံရည်ရွယ်လုပ်ကိုင်နေခြင်းဖြစ်သည့်အတွက် ထုတ်ကုန်များ ထုတ်လုပ်နေမှုအပေါ် ကျေနပ်ပီတိ ဖြစ်မိကြောင်းလည်း မနန်ဆိုင်းက ပြောသည်။

အထူးသဖြင့် ဈေးကွက်တွင် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုနှင့် ပတ်သက်၍ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ထားသဖြင့် သုံးစွဲရန် ဝယ်ယူရသည့်ပစ္စည်းသည် ပေးချေရသည့် ငွေပမာဏနှင့် ထိုက်တန်မှုရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်မှုအနေဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းဖြစ်သည့်အတွက် တစ်နေ့လျှင် အရည်အသွေးမီပစ္စည်း တစ်မျိုးလျှင် အခု ၅၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ဈေးကွက်တွင် ရောင်းတမ်းဝင်ပစ္စည်းများဖြစ်အောင် ကြိုးစားလျက်ရှိပြီး လုပ်ငန်းများ တိုးချဲ့နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း မနန်ဆိုင်းက ပြောသည်။

မိမိအပါအဝင် လူငယ်များအနေဖြင့် စွန့်ဦးတီထွင်ကြရန် အချိန်ရှိနေကြကြောင်း၊ လူတိုင်းသည် လုပ်ငန်းတစ်ခု လုပ်ကိုင်ရာတွင် ငွေကိုသာ ကြိုးစားရှာဖွေခြင်းမဟုတ်ဘဲ အတတ်ပညာတစ်ခုခု တတ်မြောက်အောင်သင်ကြားဆောင်ရွက်နိုင်ကြောင်း၊ မိမိအနေဖြင့် အခြားနိုင်ငံတွင် သွားရောက် အလုပ်တစ်ခု လုပ်ကိုင်ခဲ့ကြောင်း၊ မိမိဒေသ၊ မိမိပတ်ဝန်းကျင်တွင် အတတ်ပညာဖြင့် အကျိုးပြုလိုသည့် စိတ်ဆန္ဒတစ်ခုရရှိခဲ့ကာ တတ်နိုင်မည့် နည်းပညာကို ကြိုးစားသင်ယူခဲ့၍ ယခုလိုလုပ်ငန်းဆောင်ရွက်နိုင်ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးနေသည့်အချိန်ဖြစ်နေသဖြင့် ဂုဏ်ယူဝမ်းသာလျက်ရှိကြောင်း၊ အသေးစားလုပ်ငန်းတစ်ခုကို ပိုမိုကြိုးစား ဆောင်ရွက်နိုင်စေသည့် တွန်းအားတစ်ခု ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

### မိမိဒေသ အကျိုးစီးပွားကို မြှင့်တင်ပေးရာရောက်

လုပ်ငန်းလုပ်ကိုင်ရာတွင် အခက်အခဲများရှိနိုင်သည့်အတွက် လုပ်ငန်းတစ်ခု စတင်လိုသူများအနေဖြင့် စိတ်ဝင်စားမှုရှိရန်လိုကြောင်း၊ ကိုယ်ပိုင်လုပ်ငန်းဖြစ်သည့်အတွက် အချိန်ပိုမိုရရှိသဖြင့် လုပ်ငန်းများ အောင်မြင်နိုင်ကြောင်း၊ မိမိတစ်ပိုင်တစ်နိုင်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ပါက မိမိဒေသ အကျိုးစီးပွားကို မြှင့်တင်ပေးရာ ရောက်ကြောင်းလည်း ၎င်း၏စိတ်သဘောထား ခံယူဆောင်ရွက်နေမှုကို သိခွင့်ရခဲ့သည်။

### အသိပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်မည်

ကချင်ပြည်နယ်အတွင်းမှ စိုက်ပျိုးထွက်ရှိသော သဘာဝဆေးဖက်ဝင် အပင်ဖြစ်သည့် နနွင်းကို အိမ်တွင် ကိုယ်တိုင် အမှုန့်ပြုလုပ်၍ ဆပ်ပြာထုတ်လုပ်ခြင်းဖြင့် ဒေသတွင်းရှိ စိုက်ပျိုးတောင်သူများ ဝင်ငွေတိုးပွား အဆင်ပြေနိုင်သည့်အပြင် ကျန်းမာရေးအတွက် သင့်လျော်သည့် ထုတ်ကုန်ဖြစ်သည့်အတွက် ပိုမိုဆောင်ရွက်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း၊ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိပြီး အကျိုးရှိသည့် လုပ်ငန်းဖြစ်သဖြင့် ယခုကဲ့သို့ နည်းစနစ်များကို အခြားသူများ သိရှိအောင် အသိပညာပေးလုပ်ငန်းများလည်း သက်ဆိုင်ရာများနှင့် ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မနန်ဆိုင်းသည် အမျိုးသမီးငယ်တစ်ဦးဖြစ်သည့်အပြင် စွန့်ဦးတီထွင်လိုသော စိတ်၊ ငွေနှင့် အတတ်ပညာရှာဖွေရာတွင် မွှတမှုရှိအောင် ဆောင်ရွက်နေမှု၊ မိမိ အကျိုးစီးပွားမှသည် အမြော်အမြင်ကြီးစွာဖြင့်ဒေသနေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ကာ တီထွင်ဖန်တီး လုပ်ကိုင်ဆောင်ရွက်နေမှုများကို ရေးသားတင်ပြလိုက်ရပါသည်။







သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် သွင်းကုန်အစားထိုး ရေမွှေး၊ ခေါင်းလျှော်ရည်နှင့် မျက်နှာသစ်ဆပ်ပြာများ။

## စလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်

**စလင်း အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် သီတင်းကျွတ်ကျောင်းပိတ်ရက် ကျောင်းသားကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ရှေးဦးပြုစုခြင်း အခြေခံသဘောတရားများကို နားလည်သဘောပေါက်စွာဖြင့် ပြည်သူများ၏အကျိုးကို တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဆင်ဖြူကျွန်းမြို့ ကြက်ခြေနီ အသင်းခွဲငယ်မှပြုလုပ်သော ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက်က စလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် သရက်ချဉ်အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးက အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းသူထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားကာ မြို့နယ်ကြက်ခြေနီအသင်းမှ သင်တန်းဆရာများ၏ သင်ကြားပြသမှုများကို လေ့လာမှတ်သားလိုက်နာကြရန်နှင့် အများအကျိုးကို ကူညီဆောင်ရွက်နိုင်ကြစေရန်တို့ကို ပြောကြားသည်။



သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ သင်တန်းဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်ပြီး သင်တန်းသို့ သရက်ချဉ်အထက၊ ဒီးဖြူပင်အထက၊ ညောင်အင်းအခြေခံပညာ မူလွန်ကျောင်းများမှ တစ်ကျောင်းလျှင် ကျောင်းသား ၃၀ တက်ရောက်ကြကာ သင်တန်းတက်ရောက်သော ကျောင်းသား ကျောင်းသူ ၉၀ တို့အား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆေးအိတ်ငယ်တစ်လုံးစီကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## ပုသိမ်ကြီးမြို့နယ်ရှိ မိုးစပါးစိုက်ခင်းများအား တာဝန်ရှိသူများ စစ်ဆေး

**ပုသိမ်ကြီး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၁ ရက်က ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစုပိုင်ငွေဖြင့် မြို့နယ်အတွင်း ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးထားသော မနောယျမကျေးရွာ၊ ပဲလှော်ဖိုကျေးရွာနှင့် ရွာသစ်ကျေးရွာတို့ရှိ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၊ လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းတို့မှ မိုးစပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစုပိုင်ငွေဖြင့် လုပ်ကိုင်ဆောင်ရွက်ထားသော သမဝါယမအသင်းလေးသင်း၏ စိုက်ပျိုးဧကပေါင်း ၆၁၂ ဧကရှိပြီး မနောယျမ (လယ်/ထွေ) သမဝါယမအသင်းမှ အသင်းသား ၁၈ ဦး၊ စိုက်ပျိုးဧက ၇၂ ဧက၊ ပဲလှော်ဖို (စိုက်/ထွေ) သမဝါယမအသင်းမှ အသင်းသား ၃၀၊ စိုက်ပျိုးဧက ၂၅၀၊ ရွာသစ်(လယ်/ထွေ) သမဝါယမအသင်းမှ အသင်းသား ၆၇ ဦး၊ စိုက်ပျိုးဧက ၂၀၀၊ အောင်တံခွန်(စိုက်/ထုတ်) သမဝါယမအသင်းမှ အသင်းသား ၁၇ ဦး၊ စိုက်ပျိုးဧက ၂၀၀ တို့ကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးများ စိုက်ပျိုးထားလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဗဟန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ဗီဒီယိုတည်းဖြတ်နည်း သင်တန်းဖွင့်လှစ်

**ဗဟန်း အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း) လူထုအခြေပြုဗဟိုဌာန၌ အောက်တိုဘာ ၂၁ ရက်က ဝန်ထမ်းများအား ဗီဒီယိုတည်းဖြတ်နည်းသင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ယနေ့ ပြည်သူများ၏ သတင်းရယူသုံးစွဲမှုပုံစံသည် ပြောင်းလဲလာသည့် နည်းပညာများနှင့်အညီ ပြည်သူအများစုသည် မိုဘိုင်းဖုန်းများမှတစ်ဆင့် သတင်းများနှင့် အသိပညာပေးလုပ်ငန်းများကို ကြည့်ရှုနေကြကြောင်း၊ မိမိတို့ဦးစီးဌာနအနေဖြင့် ပြောင်းလဲလာသည့် သတင်းစီးဆင်းမှုများ၊ အသိပညာပေးအစီအစဉ်များကို ပြည်သူများ အသုံးပြုကြသည့် Online Media များမှ ရိုက်ကူးထုတ်လွှင့် ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဗီဒီယိုသတင်းများ၊ အသိပညာပေးအစီအစဉ်များ ရိုက်ကူးပေးပို့ရာတွင် ဌာန၏ လမ်းညွှန်ချက်များနှင့်အညီ နည်းစနစ်မှန်ကန်စွာဖြင့် ကျွမ်းကျင်မှုရှိပြီး အရည်အသွေးပြည့်မီသော ဗီဒီယိုသတင်းများ ပေးပို့နိုင်ရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး၊ Kinemaster Application အသုံးပြု၍ ဗီဒီယိုတည်းဖြတ်နည်း၊ နောက်ခံ Background ကိုဖျောက်၍ Chroma key ဖြင့် ပြုလုပ်နည်း၊ Audio Tools များ အသုံးပြု၍ အသံစနစ်ကောင်းမွန်အောင် ပြုပြင်ခြင်းနှင့် အသိပညာပေး Talk Show များ အရည်အသွေးပြည့်မီစွာ ရိုက်ကူးတည်းဖြတ်နိုင်ရေး လက်တွေ့ရိုက်ကူးတည်းဖြတ်ခြင်း အဆင့်ဆင့်ကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့သည်။

သင်တန်းသို့ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးမိုး**



## မိုင်းယောင်းမြို့နယ်၌ ရာသီစာ ဒေသထွက်ကြိမ်နုများ ရောင်းချ

**မိုင်းယောင်း အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ၏ အရှေ့ဘက်အကျဆုံးမြို့ဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းမြို့နယ်၏ရာသီစာ အစားအစာတစ်မျိုးဖြစ်သော ဒေသထွက်ကြိမ်နုများ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

ကြိမ်နုသုံးချောင်းပါ တစ်စည်းလျှင် ငွေကျပ် ၅၀၀၀ က တစ်မျိုး၊ ကြိမ်နုအသေးတစ်ချောင်းလျှင် ငွေကျပ် ၁၀၀၀ က တစ်မျိုး ရောင်းချရကြောင်း၊ လတ်လတ်ဆတ်ဆတ်နှင့်စားရတာပိုကောင်း၍ ဝယ်ယူသူများကလည်း ပိုပြီးကြိုက်ကြသဖြင့် ရောင်းအားကောင်းကြောင်း၊ ကြိမ်နုများကို မီးဖုတ်၍သော်လည်းကောင်း၊ ဟင်းချိုရည်အဖြစ် ချက်ပြုတ်၍သော်လည်းကောင်း အမျိုးမျိုးပြုလုပ်ကာ အထူးသဖြင့် သက်ကြီးသူများက ပိုမိုကြိုက်နှစ်သက်ကြကြောင်း သိရသည်။

ကြိမ်ပင်များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အမြင့်ဆုံးတောင်ဖြစ်သည့် ပေ ၈၄၀၀ မြင့်မားသော လွယ်ပန်နောင်(ခမ်းတောင်)တွင် အများဆုံး ပေါက်ရောက်သဖြင့် တစ်ညအိပ်၊ နှစ်ညအိပ်ဖြင့် ကြိမ်နုများကို သွားရောက်ရှာဖွေခူးယူရကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



## တပ်ကုန်းမြို့နယ်၌ အလှဖယောင်းတိုင်များ ပြုလုပ်နည်းသင်တန်းဖွင့်

**တပ်ကုန်း အောက်တိုဘာ ၂၂**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ဖွင့်လှစ်သင်ကြားပေးသည့် အလှဖယောင်းတိုင် ပြုလုပ်နည်း သင်တန်းကို အောက်တိုဘာ ၂၁ ရက်က အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



သင်တန်းတွင် နည်းပြအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ ဓာတ်ပုံကျွမ်းကျင်-၂ ဦးတင်စိုးလွင်တို့က ဖယောင်းအရည်ကျိုနည်း၊ ဖယောင်းအရည်မိုခွက်အတွင်း လောင်းထည့်နည်း၊ အရောင်ရောစပ်နည်း၊ မီးစာထည့်နည်းနှင့် အလှဖယောင်းတိုင်ပြုလုပ်ပုံအဆင့်ဆင့်တို့ကို တက်ရောက်လာသည့် သင်တန်းသား ၁၄ ဦးအား လက်တွေ့သင်ကြားပြသပေးသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတများရရှိစေရန် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက် ပေးလျက်ရှိသည့်အပြင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။ **တင်စိုးလွင်**

## အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ အသိပညာပေး

**ဘိုကလေး အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများနှင့် ရေလုပ်သားများအား အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ အောက်တိုဘာ ၂၁ ရက်က ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက အယ်လ်နီညိုရာသီဥတုဖြစ်ပွားရသည့်အကြောင်းအရင်းများ၊ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများ၊ ဖြစ်ပွားချိန်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဖြစ်ပွားပြီးနောက် လုပ်ဆောင်ရမည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ဟောပြောခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။



### (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာ အထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့်သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

### (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့ လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း များစွာအထောက်အကူ ရရှိစေမည်ဖြစ်ပါသည်။

### (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့်သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့်အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

### (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်း သိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | စစ်ကိုင်း | ၂ | ခန္တီး | ခန္တီး | ခန္တီး | အထက-ဆင်သေ |
| | | ၃ | ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း | အထက(၁)၊ဟုမ္မလင်း |

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၃ | တနင်္သာရီ | ၄ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၄ | ပဲခူး(အရှေ့) | ၅ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၅ | ပဲခူး (အနောက်) | ၆ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက- သဲကုန်း |
| ၆ | မကွေး | ၇ | ချောက် | ချောက် | ချောက် | အထက- ငွေးချို |
| ၇ | မန္တလေး | ၈ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၉ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၁၀ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၁၁ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| ၈ | မွန် | ၁၂ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက- ရွာလွတ်၊ ချောင်းဆုံ |
| ၉ | ရခိုင် | ၁၃ | မြောက်ဦး | မြောက်ဦး | မြောက်ဦး | အထက(၁)၊ မြောက်ဦး |
| | | ၁၄ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၅ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၁၀ | ရန်ကုန် | ၁၆ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၇ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၈ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၉ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက- သုဝဏ္ဏ |
| | | ၂၀ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၁ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၂ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၁ | ရှမ်း(တောင်) | ၂၃ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၄ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၅ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| ၁၂ | ရှမ်း (မြောက်) | ၂၆ | ကွတ်ခိုင် | ကွတ်ခိုင် | ကွတ်ခိုင် | အထက(၁) ကွတ်ခိုင် |
| ၁၃ | ရှမ်း(ရှေ့) | ၂၇ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၈ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| ၁၄ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၅ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

ကျန်းမာရေးဝန်ကြီးဌာန

## မျက်မြေးရောင်ရောဂါ / မျက်စိနာရောဂါကာကွယ်ရေးနှိုးဆော်ချက်

လတ်တလောဖြစ်ပွားနေသော မျက်မြေးရောင်ရောဂါ (သို့မဟုတ်) မျက်စိနာရောဂါသည် ဗိုင်းရပ်ပိုးကြောင့် ဖြစ်ပွားပြီး ရောဂါဖြစ်ပွားလျှင် (၅)ရက်မှ (၇)ရက်ခန့်အထိ ကြာမြင့်တတ်ပါသည်။

**ရောဂါလက္ခဏာများမှာ-**

- မျက်စိနီရဲခြင်း၊
- မျက်စိယားယံခြင်း၊
- မျက်ရည်ယိုခြင်း၊
- မျက်ဝတ်များထွက်ခြင်း၊
- မျက်စိနာကျင်ရောင်ရမ်းခြင်း၊
- အလင်းရောင်မကြည့်နိုင်ခြင်းတို့ဖြစ်နိုင်ပါသည်။

**မျက်မြေးရောင်ရောဂါ/မျက်စိနာရောဂါသည် အောက်ဖော်ပြပါအခြေနေများကြောင့် ကူးစက်ပြန့်ပွားနိုင်ပါသည်-**

- ရောဂါဖြစ်သူ၏ အသုံးအဆောင်များကို ကိုင်တွယ်သုံးစွဲခြင်းနှင့် နီးကပ်စွာအတူနေထိုင်ခြင်းများကြောင့် ရောဂါအလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သဖြင့် အထူးသတိပြုရှောင်ရှားရပါမည်။ (ဥပမာ- ကျောင်းသားတစ်ဦးမှ စာသင်ခန်းအတွင်းရှိ ကျောင်းသားများသို့၊ မိခင်မှ ကလေးသို့)

**သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မျက်မြေးရောင်ရောဂါ/မျက်စိနာရောဂါ မပြန့်ပွားစေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-**

- ကူးစက်လွယ်သောရောဂါဖြစ်သဖြင့် ရောဂါဖြစ်သူ၏ အသုံးအဆောင်(အထူးသဖြင့် အမျိုးသမီးမျက်နှာအလှပြင်ပစ္စည်းများ၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ) များကို အခြားသူများက အတူသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။ လက်ကိုင်ပဝါအစား တစ်ခါသုံးတစ်ရှူးစက္ကူကို အသုံးပြုသင့်ပြီး ရောဂါဖြစ်သူ၏ အဝတ်အစားများကိုလည်း သီးသန့်လျှော်ဖွပ်သန့်စင်ရပါမည်၊
- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းရေးပြုလုပ်ပေးပြီး မျက်ရည်တုမျက်စဉ်းဆေးရည်(Artificial Tear Eye Drops)ကို တစ်နေ့ (၃-၄)ကြိမ် ခတ်နိုင်ပါသည်။ မျက်စိကို မသန့်ရှင်းမီနှင့် မျက်စဉ်းဆေးရည်ခတ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောရပါမည်။ ရောဂါမသက်သာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများနှင့် မျက်စိကုဌာနသို့ပြသပါ၊
- အခြားသူများသို့ ရောဂါမကူးစက်စေရန်အတွက် ရောဂါဖြစ်သူသည် မျက်စိကိုမကိုင်မိစေရန် အကာအကွယ်မျက်မှန် တပ်ထားသင့်ပါသည်။

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အသားတု ၁၃၅၀ ကီလိုဂရမ်၊ TVI Fish Dumbells ၃၅၀ ကီလိုဂရမ်၊ သရက်သီး ၄၀၀ ကီလိုဂရမ်၊ Slipper ဖိနပ် ၂၂၈ ရန်၊ Honda မော်တော်ဆိုင်ကယ် (Used) တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၈၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ankai Express တစ်စီးနှင့် Golden Dragon Express တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၃၆၈၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၊ နမ့်အွမ်ကျေးရွာအနီး ရှောင်ကွင်းလမ်းတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ် မီးခြစ်ဆံဗြောက်ဘူး ၄၀၈၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၄၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Prawn Hornet စားအုန်းဆီ လီတာ ၅၄၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၅၀၀၀၀) နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Dog Food Plastic Cont အခု ၇၂၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၉၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ဖြူးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဟင်းသီးဟင်းရွက်ဆီ ၁၂၀ လီတာ၊ MSI Laptop ၁၅ လုံး၊ Penfolds Wine Bin 28 ၂၂၈ ပုလင်း၊ Dr.Manila အမည်းစက် ကုသမှုသွေးရည်ကြည် ပုလင်း ၉၀၀ အပါအဝင် ကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၈၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီးနှင့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံး လုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၆ ဒသမ ၁၇၁ တန်၊ သစ်မာ ၁ ဒသမ ၅၅၉ တန်နှင့် အခြားသစ် ဝ ဒသမ ၁၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၃၃၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃၆၈၅၃၃၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၉၆၄၁၃၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄- ကနှင့် ပုဒ်မ ၅၀၅- က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Yemintatoo" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက်နေ ရဲမင်းအား မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ "Thant Thant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ သန့်သန့်အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ "Sai Htut Naung" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက် ရပ်ကွက်နေ ဇွဲထွဋ်နောင်အား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေဘေးသင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအသင်းဝင်များအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**ပဲခူး အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့တို့မှ ရေဘေးသင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အသင်းဝင်များအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲကို အောက်တိုဘာ ၂၀ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာက ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်စိုးစိုးသက်၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ရေဘေးသင့်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အသင်းဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ပဲခူးမြို့ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်တွင် ပဲခူးမြို့နေ ပြည်သူများနှင့်အတူ အမျိုးသမီးရေးရာ အဖွဲ့ဝင်မိသားစုများနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းဝင် မိသားစုများ စုစုပေါင်း မိသားစု ၁၅၀ လည်း ရေဘေးသင့်ခဲ့သဖြင့် ဆန်၊ ဆီ၊ ဆား အပါအဝင်ပစ္စည်း ၁၀ မျိုးအား ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**သက်ထက်**

## မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သစ် ဖွဲ့စည်း

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ဖွဲ့စည်းလိုက်ကြောင်း ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဟိုတယ်ရွှေဂုံတိုင်၌ ပြုလုပ်သော အဖွဲ့ချုပ်၏ ပထမအကြိမ် အလုပ်အမှုဆောင်အဖွဲ့စုံညီ အစည်းအဝေးမှ သိရသည်။

